


# နိဗ္ဗာန်ရောက်ချင်ရင် ခန္ဓာအစဉ်ဖြတ်ရမယ်

ဟောကြားသောနေ့

(၆-၂-၁၉၆၁)

၁၀၃

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော
သစ္စာ(၄)ပါး တရားတော် အမှတ်စဉ်( ၃ )မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားသော တရားတော်

# နိဗ္ဗာန်ရောက်ချင်ရင်
# ခန္ဓာ အစဉ်ပြတ်ရမယ်

(၆-၂-၆၁)

အားလုံး ဒကာ ဒကာမတွေ နိဗ္ဗာန်ရတယ်လို့ဆိုတာ မိမိခန္ဓာ ပဋိစ္စသမုပ္ပါဒ် ပြတ်တာကို ဆိုသည်လို့ အကျဉ်းချုပ် မှတ်ထားပါ။

နိဗ္ဗာန်ရောက်တယ်၊ နိဗ္ဗာန် အာရုံပြုနိုင်တယ်၊ ခန္ဓာ ဆုံးပြီးသကာလ နိဗ္ဗာန်သို့ ရောက်သွားတယ်ဆိုတာ ပစ္စုပ္ပန် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်...လို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ် မပြတ်ဘဲနဲ့ အားလုံး ဒကာ ဒကာမ တွေ နိဗ္ဗာန်ကို ဘယ်သူမှ မရောက်ဘူးဆိုတာ ဆုံးဖြတ်ချက် ချပါ...။ (မှန်ပါ့)။

## ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာအစဉ်

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာတဲ့လို့မေးလို့ရှိရင် ခန္ဓာ အစဉ် ဘုရား...လို့ ဖြေရလိမ့်မယ်...။ (မှန်ပါ)၊ ပဋိစ္စသမုပ္ပါဒ် ဆိုတာ ဘာပါလိမ့်...(ခန္ဓာအစဉ်ပါဘုရား)၊ အဲ...ခန္ဓာအစဉ် ဟာ...တဲ့၊ ပဋိစ္စသမုပ္ပါဒ် အဲဒီခန္ဓာအစဉ်ကို ကြားထဲ မြင် အောင် ဖြတ်လိုက်လို့ရှိရင်ဖြင့် ခန္ဓာအစဉ်ဟာ မပြတ်ဘူး လား...။ (ပြတ်ပါတယ်ဘုရား)။

အဲဒီ ခန္ဓာအစဉ် ပြတ်တာကို ဘာခေါ်ကြမယ်...။ (နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်လို့ ခေါ်ကြပေတော့ ဒကာ ဒကာမ တို့။

ခန္ဓာအစဉ် ပြတ်သွားတယ်ဆိုတော့ ဒီဘက်က မူလ ခန္ဓာအစဉ်က ဒုက္ခသစ္စာ၊ ဟိုဘက်က ပြတ်သွားတာက နိရောဓသစ္စာ၊ သဘောကျပလား...။ (ကျပါပြီ)၊ ဒီဘက် ကျန်ရစ်တာက ဘာသစ္စာတဲ့...။ (ဒုက္ခသစ္စာပါ)၊ ဟိုဘက် ပြတ်သွားတာက...(နိရောဓသစ္စာပါဘုရား)။

ဩော်...ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ရင်ဖြင့် ခန္ဓာအစဉ် ဖြတ်တတ်မှ...(မှန်ပါ)၊ သေသေချာချာ မှတ်ကြပါ၊ နိဗ္ဗာန် ရောက်ချင်ရင် ခန္ဓာအစဉ်ပြတ်မှ...(မှန်လှပါဘုရား)၊ သဘော ပါပလား...။ (ပါ,ပါပြီဘုရား)၊ နိဗ္ဗာန်ရောက်ချင်ရင်... (ခန္ဓာအစဉ်ပြတ်မှ)။

ဩော်...ဒါဖြင့် နိဗ္ဗာန်ရောက်ဖို့ရာ ကိုယ့်ခန္ဓာအစဉ်ကို ကိုယ်ဖြတ်တတ်ဖို့ အရေးကြီးပါတယ်၊ သဘောပါကြပလား...။ (ပါ,ပါပြီ)၊ နိဗ္ဗာန်ရောက်ချင်ရင် ဘာလုပ်ရမယ်...။ (ကိုယ့်ခန္ဓာအစဉ် ကိုယ်ဖြတ်တတ်ဖို့ အရေးကြီးပါတယ် ဘုရား)၊ ဩော်...နိဗ္ဗာန်ရောက်ကြောင်းတရား၊ နိဗ္ဗာန်ရောက်ကြောင်းတရားဆိုတာ တခြားလား အောက်မေ့တယ်၊ ခန္ဓာအစဉ်ကို ဖြတ်တတ်တဲ့တရားရရင် ပြီးတာပါပဲ၊ ရှင်းကြပလား...။ (ရှင်းပါပြီ)၊ ခန္ဓာအစဉ်ဖြတ်တတ်တဲ့ တရားရရင်...(နိဗ္ဗာန်ရောက်ကြောင်းတရားပါဘုရား)၊ နိဗ္ဗာန်ရတာပဲ ဦးခင်မောင်၊ ကျေနပ်ပလား...။ (ကျေနပ်ပါပြီဘုရား)။

ကဲ...ကိုမြရွှေတို့ တော်တော်ကျေနပ်ပလား...။ (မှန်လှပါဘုရား)၊ ဒီဘက်က မူလခန္ဓာအစဉ်က ဘာသစ္စာတုံး...။ (ဒုက္ခသစ္စာပါ)၊ ဒီဘက်ပြတ်သွားတော့ ဘာဆိုကြမယ်...။ (နိရောဓသစ္စာပါဘုရား)၊ နိရောဓသစ္စာဆိုတာ ဒုက္ခနိရောဓသစ္စာ...(မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဒုက္ခတွေချုပ်သွားသောကြောင့် နိရောဓသစ္စာဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

## နိဗ္ဗာန်ရောက်ချင်ရင် ခန္ဓာအစဉ်ဖြတ်ရမယ်

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်ချင်လို့ရှိရင် ခန္ဓာအစဉ်ဖြတ်ရမယ်၊ ယနေ့တရားက...(မှန်လှပါ)၊ နိဗ္ဗာန်

ရောက်ချင်လို့ရှိရင်...(ခန္ဓာအစဉ်ဖြတ်ရပါမယ်)၊ ခန္ဓာအစဉ်ဖြတ်ရမယ်ဆိုတာ သေသေချာချာ မှတ်စမ်းပါ...။ (မှန်လှပါဘုရား)၊ နိဗ္ဗာန်ရောက်ချင် ဘာလုပ်ရမယ်...။ (ခန္ဓာအစဉ်ဖြတ်ရပါမယ်ဘုရား)။

ဒါဖြင့် ခန္ဓာအစဉ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးကိုမှ မသိတဲ့ပုဂ္ဂိုလ်များဟာဖြင့် ဘယ်လိုလုပ်ဖြတ်မယ်ဆိုတဲ့ ဉာဏ်ဝင်စရာအကြောင်း မြင်သေးရဲ့လား...။ (မမြင်ပါဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ခန္ဓာအစဉ်ကို သိမှသာလျှင် (ဝါ)ဒုက္ခသစ္စာကိုသိမှသာလျှင် ခန္ဓာအစဉ်ပြတ်မှု နိရောဓသစ္စာကို သဘောကျမယ်ဆိုတာကော သေချာကြပလား...။ (သေချာပါတယ်ဘုရား)၊ သဘောကို ပြောနေတဲ့အတွက် ဒကာ ဒကာမတွေ အထူးတလည်ပဲ ဂရုစိုက်ကြ၊ ကိုယ့်အရေးဟာ ဒါ အကြီးဆုံးပါပဲ...။ (မှန်လှပါ)၊ ဦးခင်မောင်ကိုယ့်အရေးဟာ ဒါ အခု ပြောတာ အကြီးဆုံးပဲ...။ (မှန်လှပါဘုရား)။

ကိုင်း...ဒါဖြင့် ဒကာသစ်တို့ နိဗ္ဗာန်ရောက်ချင်ရင် ဘာအစဉ်ဖြတ်ရမလဲ...။ (ခန္ဓာအစဉ်ဖြတ်ရပါမယ်)၊ မောင်ထွန်းမောင်တို့ ဘာမှတ်ကြမယ်...။ (ခန္ဓာအစဉ်ဖြတ်ဖို့ပါဘုရား)။

ဘာဖြစ်လို့ ဒီခန္ဓာအစဉ်ဖြတ်နေရတာတုံးလို့မေးတော့ ခန္ဓာက ဒုက္ခသစ္စာကိုး...ဒကာ ဒကာမတို့နော်...။ (မှန်ပါ)၊

ခန္ဓာက...(ဒုက္ခသစ္စာပါဘုရား)၊ ဒီ ဒုက္ခအစဉ်မှ မပြတ်လို့ ရှိရင်လဲ "ဒုက္ခနိရောဓာနိဗ္ဗာန်" ဆိုတဲ့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန် ရောက်နိုင်ပါ့မလား...။ (မရောက်နိုင်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ချင် ဘာလုပ်ရမယ်...။ (ခန္ဓာ အစဉ်ဖြတ်ရပါမယ်)၊ ဒီနေ့တရားမှာ ဒီတစ်လုံးကို သေသေ ချာချာမှတ်ပါ...။ (မှန်လှပါ)၊ နိဗ္ဗာန်ရောက်ချင်ရင် ဘာလုပ်ရ မယ်...။ (ခန္ဓာအစဉ် ဖြတ်ရပါမယ်)၊ ခန္ဓာ အစဉ်ဖြတ် ရမယ်။

ကောင်းပြီ...ဒါဖြင့် ခန္ဓာအစဉ်ကို မဖြတ်နိုင်တဲ့ ပုဂ္ဂိုလ် များမှာ ဦးခင်မောင် နိဗ္ဗာန်ရောက်ပါ့မလား...။ (မရောက်ပါ ဘုရား)။

ဒါကို သေသေချာချာမှတ်ကြ၊ ဒကာ ဒကာမတို့ ဒီဥစ္စာဟာ ကြားလဲကြားရခဲတယ်ဆိုတဲ့ အဓိပ္ပါယ်တွေလို့ မှတ်ကြစမ်းပါနော်...။ (မှန်လှပါဘုရား)၊ နိဗ္ဗာန်ရောက်ချင် ဘာလုပ်ရမယ်...။ (ခန္ဓာအစဉ်ဖြတ်ရပါမယ်ဘုရား)၊ ခန္ဓာ အစဉ် ဖြတ်ရမယ်။

ကောင်းပြီ၊ ဒါဖြင့် ခန္ဓာအစဉ်ဖြတ်ပုံကလေး ရှင်းပြ ပါမယ်၊ ဒီဘဝ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်က များ စ,ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ "သင်္ခါရပစ္စယာ ဝိညာဏံ"က စ,တယ်...။ (မှန်လှပါဘုရား)။

## ဒီဘဝ ဘယ်က စ,ပါလိမ့်

ဒီဘဝ ဘယ်က စ,ပါလိမ့်…။ (သန္ဓေနေရပဋိသန္ဓေ ဝိညာဏ်က စ,ပါတယ်ဘုရား)။

'ဝိညာဏ်'က စ,တယ်၊ "သန္ဓေနေရပဋိသန္ဓေ ဝိညာဏ်" ကနေ စ,တယ်ဆိုတာ သေသေချာချာမှတ်ထားကြပါ…။ (မှန်ပါ့ဘုရား)၊ ဝိညာဏ်ပြီးတော့မှ သူနဲ့တွဲနေတဲ့ နာမ်,ရုပ် မလာဘူးလား…။ (လာပါတယ်)၊ နာမ်,ရုပ်လာပြီး မျက်စိ, နား,နှာခေါင်းဆိုတဲ့ သဠာယတနတွေ မလာဘူးလား…။ (လာပါတယ်ဘုရား)၊ ပြီးတော့ ဖဿ မလာဘူးလား…။ (လာပါတယ်)၊ ဝေဒနာကော…(လာပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒါဟာ ခန္ဓာအစဉ်တွေနဲ့၊ ဒါက စိတ်၊ ဒါက နာမ်, ရုပ်၊ ဒါက စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ၊ ဒါက ဖဿ၊ ဒါက ဝေဒနာ။

ကောင်းပြီ၊ ဒကာ ဒကာမတို့၊ ဒီခန္ဓာ အစဉ်တွေဟာ ခုပြောခဲ့တဲ့ တစ်,နှစ်,သုံး,လေး,ငါး၊ ဒါ ဒကာ ဒကာမတွေ ဒီဘဝအစ ခန္ဓာအစဉ်လို့ ဦးခင်မောင် မှတ်စမ်းပါ…။ (မှန်လှ ပါဘုရား)။

## ဒီဘဝ ခန္ဓာအစဉ်

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ ဒကာ ဒကာမတို့ ဒါ ဒီဘက် ခန္ဓာအစဉ်နော်…။ (မှန်လှ

ပါဘုရား)၊ သဘောပါလား...။ (ပါ,ပါပြီ)၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာဟာ ဘာပါလိမ့်...။ (ဒီဘက်ခန္ဓာအစဉ်ပါဘုရား)၊ ဒီဘဝခန္ဓာအစဉ်လို့ မှတ်ထား ပါနော်...။ (မှန်ပါ့)။

ကဲ...ဒီဘဝခန္ဓာအစဉ်ကို နောက်ဘဝ ခန္ဓာဖြစ်ကြောင်း နဲ့ ဖြတ်ရလိမ့်မယ်...။ (မှန်ပါ့)၊ မဖြတ်ရပေဘူးလား...။ (ဖြတ်ရပါမယ်ဘုရား)။

နောက်ဘဝ ခန္ဓာဖြစ်ကြောင်းနဲ့ ဖြတ်ရမယ်ဆိုတော့ ကြော်...ဒီဘဝ ခန္ဓာအစဉ်က ငါးခု၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ ဘယ်နှစ်ခုပါလိမ့်...။ (ငါးခုပါ ဘုရား)။

**နောင်ဘဝ ခန္ဓာဖြစ်ကြောင်း**

နောက်ဘဝ ခန္ဓာအစဉ်ဖြစ်ကြောင်းက တဏှာ, ဥပါဒါန်, ကံ၊ သဘောကျပလား...။ (ကျပါပြီ)၊ နောက် ဘဝ ခန္ဓာဖြစ်ကြောင်းက...(တဏှာ,ဥပါဒါန်,ကံပါဘုရား)၊ တဏှာ, ဥပါဒါန်, ကံ။

ဒါဖြင့် ဒကာ ဒကာမတို့ ဒါတွေလဲ ခန္ဓာတွေပဲတဲ့၊ တဏှာဆိုတာလဲ သင်္ခါရက္ခန္ဓာ၊ ဥပါဒါန် သင်္ခါရက္ခန္ဓာ၊ စေတနာကလဲ သင်္ခါရက္ခန္ဓာတွေ၊ ဒါလဲ ခန္ဓာပဲ၊ ဒီဘက်က ငါးခုကော...(ခန္ဓာပါပဲဘုရား)၊ အဲဒီ ခန္ဓာအစဉ်ကို ဖြတ်ရ

လိမ့်မယ်…။ (မှန်ပါ)၊ ဒကာ ဒကာမတို့ ဘာဖြတ်ရမယ်…။ (ခန္ဓာအစဉ်ကို ဖြတ်ရပါမယ်ဘုရား)။

ခန္ဓာအစဉ်ဆိုတော့ သေသေချာချာ ဒီပုံနဲ့လဲ ပြနေတဲ့ အတွက် ကြည့်လဲ ကြည့်ကြပါ၊ ပဋိစ္စသမုပ္ပါဒ်လဲ ကိုက်ရမယ်…။ (မှန်ပါ)၊ ဒကာ ဒကာမတွေ ခန္ဓာအစဉ်ပြတ်မှ နိဗ္ဗာန်ရမယ်ဆိုတာ ကြည့်ရမယ်။

ဒါကြောင့် ဒီဘဝဟာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ ဒါလဲ အစဉ်ပဲဆိုတာ သဘောကျပလား…။ (ကျပါပြီဘုရား)။

ကောင်းပြီ၊ ဒါလဲ ခန္ဓာအစဉ်ပဲဆိုတော့ ဒီဘက်က တဏှာ, ဥပါဒါန်, ကံဆိုတာကော ဒကာ ဒကာမတို့ အာရုံက တွေ့လို့ ဝေဒနာပစ္စယာ တဏှာဥပါဒါန်ကံ မလာဘူးလား…။ (လာပါတယ်ဘုရား)၊ ဒါလဲ ခန္ဓာပဲ မဟုတ်လား…။ (ခန္ဓာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာအစဉ်ဖြတ်ရင် နိဗ္ဗာန်ရောက်တယ်၊ သဘောပါလား…။ (ပါ,ပါပြီ)၊ ခန္ဓာအစဉ်ဖြတ်ရင်…(နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

**ဒီနေရာ ဉာဏ်သွင်းရမယ်**

ခန္ဓာ အစဉ်ဖြတ်ရင် နိဗ္ဗာန်ရောက်ပါတယ်ဆိုတော့ ဩော်…ခန္ဓာအစဉ်ဖြတ်မှ နိဗ္ဗာန်ရောက်မယ်ဆိုတော့ ဒကာ

ဒကာမတွေက ဒီကြားထဲ ဒီဖြူဖြူကလေးဟာ ဒီနေရာမှာ ဒကာ ဒကာမတွေ ဉာဏ်သွင်းရမယ်...။ (မှန်ပါ့)၊ ဉာဏ် မသွင်းရပေဘူးလား...။ (သွင်းရပါတယ်ဘုရား)၊ ခြောက်ခု မြောက်မှာ ဘာသွင်းရမယ်...။ (ဉာဏ်သွင်းရပါမယ်ဘုရား)၊ ဉာဏ်သွင်းလိုက်တဲ့အခါကျတော့ ဒီဘက်ကခန္ဓာနဲ့ ဒီဘက်က ခန္ဓာဖြစ်ကြောင်း ခန္ဓာနဲ့ မပြတ်ဘူးလား...။ (ပြတ်ပါတယ် ဘုရား)။

ဒါဖြင့် ဒီဘက် ခန္ဓာဖြစ်ကြောင်း တဏှာ, ဥပါဒါန်, ကံတွေ မချုပ်ပေဘူးလား...။ (ချုပ်ပါတယ်ဘုရား)၊ ဘယ်သူက ဝင်ဖြတ်လိုက်ပါလိမ့်...။ (ဉာဏ်က ဝင်ဖြတ် ပါတယ်)၊ ဝိပဿနာမဂ်က ဝင်မဖြတ်လိုက်ဘူးလား...။ (ဖြတ်ပါတယ်)၊ ဝိပဿနာမဂ်က ဝင်ဖြတ်လိုက်တဲ့အခါကျ တော့ ဒီခန္ဓာကတော့ ပြီးပြီးသားမို့ သူ့ဟာသူ နေပေစေ တော့...။ (မှန်လှပါဘုရား)။

ဒီဘက်က ခန္ဓာဖြစ်ကြောင်းက မဂ်ဝင်လိုက်သဖြင့် ခန္ဓာဖြစ်ကြောင်း ခန္ဓာတွေသည် ခန္ဓာတော့ ခန္ဓာပဲနော်...။ (မှန်ပါ့)၊ သင်္ခါရက္ခန္ဓာတွေပဲ၊ အဲဒီ သင်္ခါရက္ခန္ဓာတွေ ဒကာ ဒကာမတွေ မဂ်ဝင်လိုက်တော့ကို ပေါ်သေးရဲ့လား...။ (မပေါ်ပါဘုရား)၊ မပေါ်တော့ တဏှာချုပ်တယ်၊ မချုပ် ဘူးလား...။ (ချုပ်ပါတယ်ဘုရား)၊ ဥပါဒါန်ကော...(ချုပ် ပါတယ်ဘုရား)၊ ကံကော...(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အနာဂတ်ဘဝ ဇာတိ, ဇရာ, မရဏ ဘယ်လို စဉ်းစားကြမလဲ…(မလာပါဘုရား)၊ ဒါဖြင့် နောက်ခန္ဓာ မပြတ်ဘူးလား…။ (ပြတ်ပါတယ်ဘုရား)၊ ဒါဖြင့် နိဗ္ဗာန် လိုချင်ရင် ခန္ဓာအစဉ်ပြတ်ရမယ်…။ (မှန်ပါ့)။

## ခန္ဓာအစဉ်ဖြတ်မှ နိဗ္ဗာန်ရောက်မယ်

ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်ချင်…(ခန္ဓာအစဉ် ဖြတ်ရပါမယ်)၊ နိဗ္ဗာန်ရောက်ချင်…(ခန္ဓာအစဉ်ဖြတ်ရပါမယ် ဘုရား)၊ ခန္ဓာအစဉ်ဖြတ်ရမယ်ဆိုတော့ ဒါ…ဖြတ်တတ်ဖို့ အရေးဟာ ဆရာဘုန်းကြီးကလဲ နည်းပေးပါမယ်၊ ဒကာ ဒကာမတွေက ကြိုးစားပါ…။ (မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီ)။

ဆရာဘုန်းကြီးကလဲ ခန္ဓာအစဉ်ဖြတ်နည်းကို ဒီ ဒကာ ဒကာမတွေကို ပေးမယ်၊ ဒကာ ဒကာမတွေကလဲ ဪ… နောက်ခန္ဓာ လာလို့ရှိရင်လဲ တဏှာ, ဉပါဒါန်, ကံ လာလို့ ရှိရင် အနာဂတ်ခန္ဓာ မလာပေဘူးလား…။ (လာပါတယ် ဘုရား)၊ အနာဂတ်ခန္ဓာ လာလို့ရှိရင် ပစ္စုပ္ပန်ခန္ဓာနဲ့ အနာဂတ် ခန္ဓာသည် ဒုက္ခချင်း မဆက်ပေဘူးလား…။ (ဆက်ပါတယ်ဘုရား)၊ ဒုက္ခချင်းဆက်သွားရင် ဒကာ ဒကာမ တို့ ယခု နေရတာလဲ ဒုက္ခ၊ နောင် တွေ့မှာလဲ…(ဒုက္ခပါပဲ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့မှာ ခန္ဓာအစဉ်ကို ဖြတ်တတ်တဲ့ မဂ်ဝင်လို့ရှိရင်ဖြင့် သြော်...တို့သည် ယခု ဘယ်လို နေရပါလိမ့်မတုံး...လို့ မမေးနဲ့၊ ယခု ဘယ်လိုနေရသတုံး၊ ဒုက္ခသစ္စာနဲ့ နေရတယ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)၊ နောက်ဘဝ ဘယ်လိုနေရမှာတုံး...။ (ဒုက္ခသစ္စာနဲ့ နေရမှာပါဘုရား)၊ ယခု ဘယ်လိုနေရသတုံး...။ (ဒုက္ခသစ္စာနဲ့ နေရပါတယ်)၊ နောက်ဘဝ ဘယ်လိုနေရမှာတုံး...။ (ဒုက္ခသစ္စာနဲ့ နေရမှာပါဘုရား)။

အဲဒါ ခန္ဓာအစဉ်ဖြတ်တတ်တဲ့ မဂ်မဝင်တတ်လို့...။ (မှန်ပါ)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)၊ ခန္ဓာအစဉ်ဖြတ်တတ်တဲ့...(မဂ်မဝင်တတ်လို့ပါဘုရား)၊ ဒါဖြင့် တစ်သံသရာလုံး ဘုန်းကြီးတို့ ဒကာ ဒကာမတွေဌ ခန္ဓာအစဉ်ဖြတ်တတ်တဲ့ မဂ်၊ မဝင်တတ်ဘူး...။ (မှန်လှပါဘုရား)၊ တကယ်လို့ မဂ်ဝင်ခဲ့လို့ရှိရင်လဲ အခု တရားနာတဲ့ ခန္ဓာတွေ ရှိပါဦးမလား...။ (မရှိပါဘုရား)။

သြော်...ဒါဖြင့် ဒီတရားသည် နိဗ္ဗာန်ဝင်ချင် ခန္ဓာအစဉ်ဖြတ်ရမယ်ဆိုတော့ အားလုံး ဒကာ ဒကာမတို့ စဉ်းစားပြီး နားထောင်စမ်းပါ၊ သြော်...တို့သည် ခန္ဓာအစဉ်ဖြတ်တဲ့ အလုပ် မလုပ်ဖူးပါကလားဆိုတာ ပေါ်လာတယ်...။ (မှန်ပါဘုရား)၊ ဘာပေါ်လာတယ်...။ (ခန္ဓာအစဉ်ဖြတ်တတ်တဲ့

အလုပ် မလုပ်ဖူးပါဘုရား)၊ ခန္ဓာအစဉ်ဖြတ်တဲ့ အလုပ်… (မလုပ်ဖူးပါဘုရား)။

ဒါဖြင့် အခုအချိန်မှာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မလုပ်တော့ဘူး၊ သားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ အချိန်ကုန်ပြီးသကာလ ကိုယ်ထင်သလိုသာ နေကြတော့မယ်ဆိုလို့ ရှိရင်ဖြင့် အခုနေအခါသည် ငါ ဘာမှာတုံးလို့ မစဉ်းစားပါနဲ့၊ ဒုက္ခ ဖြစ်မှာပဲလို့သာ ဆုံးဖြတ်ချက်ချပါ…။ (မှန်လှပါဘုရား)။

အခုလို အိုဘေး, နာဘေး, သေဘေးပြီးရင် နောက်ဘာနဲ့ နေရမလဲ၊ အိုဘေး, နာဘေး,သေဘေးနဲ့ပဲ နေရလိမ့်မယ်ဆိုတာ မရှင်းသေးဘူးလား…။ (ရှင်းပါတယ်ဘုရား)၊ ယခု ဘာနဲ့ နေရတုံး…။ (အိုဘေး,နာဘေး, သေဘေးနဲ့ နေရပါတယ်)၊ နောက် ဘာနဲ့ နေရမှာတုံး…။ (အိုဘေး, နာဘေး, သေဘေးနဲ့ပဲ နေရပါတယ်ဘုရား)။

ဒါဟာ ဘာမဖြတ်လို့ပါလိမ့်…။ (ခန္ဓာအစဉ်မဖြတ်လို့ပါ)၊ ခန္ဓာအစဉ်မဖြတ်တတ်လို့တဲ့၊ အင်မတန် အဖိုးတန်သွားပြီ၊ ဒကာသစ် မတန်သေးဘူးလား…။ (အဖိုးတန်ပါတယ် ဘုရား)။

အင်မတန်အဖိုးတန်သွားပြီဆိုတာ ဦးဘအုန်းကြီး ကျေနပ်ပလား…။ (ကျေနပ်ပါပြီဘုရား)၊ တစ်သံသရာလုံးမှာ ကျုပ်လဲ ဒီခန္ဓာအစဉ်ဖြတ်တတ်တဲ့ ဉာဏ် ဝင်စရာ

နေရာလဲ မတွေ့ဘူး၊ ဉာဏ်လဲ မဝင်ဘူးဆိုတာ အင်မတန် မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

ကဲ...ယခုဘဝမှာ ဒကာ ဒကာမတို့ ဒီဘဝ ဒုက္ခကို တော့ဖြင့် အကျိုးပေးပြီးသား ဖြစ်သောကြောင့် ခံရုံပဲ...။ (မှန်ပါ့ဘုရား)၊ နောက်ဒုက္ခကိုတော့ မဂ်ဝင်ရင် ပြတ်တယ်...။ (မှန်ပါ့)၊ သဘောပါလား...။ (ပါ့,ပါပြီ)၊ နောက် ဒုက္ခကို တော့...(မဂ်ဝင်ရင် ပြတ်ပါတယ်)။

နောက်ဒုက္ခ မဂ်ဝင်ရင် ပြတ့်တယ်ဆိုတာ အပြောလား တဲ့၊ ဟောဒီ ကြားထဲမှာ မဂ်ဝင်လိုက်လို့ရှိရင် ဒီခန္ဓာနဲ့ ဒီဘက်ခန္ဓာတွေနဲ့ ဘယ့်နှယ်နေကြသလဲ...။ (ပြတ်ပါတယ် ဘုရား)၊ ဒီခန္ဓာတွေက ပြသာထားရတယ်၊ ပေါ်သေးရဲ့ လား...။ (မပေါ်ပါဘုရား)၊ ခန္ဓာဖြစ်ကြောင်းတွေ ပေါ်သေး ရဲ့လား...။ (မပေါ်ပါဘုရား)။

ဒါဖြင့် ခန္ဓာဖြစ်ကြောင်းမှ မပေါ်တော့ ခန္ဓာဖြစ်ကျိုး တွေကော လာစရာမြင်သေးရဲ့လား...။ (မမြင်ပါဘုရား)၊ ဒါဖြင့် နိဗ္ဗာန်ဝင်ချင်လို့ရှိရင်ဖြင့် ခန္ဓာ အစဉ်ပြတ်ကြပါ...။ (မှန်ပါ့ဘုရား)၊ ဘယ်လိုမှတ်ကြမယ်...။ (နိဗ္ဗာန်ဝင်ချင်ရင် ခန္ဓာအစဉ်ဖြတ်ရပါမယ်)။

တော်တော့်ကို အရေးကြီးတဲ့ တရားလို့ ဒကာ ဒကာမ တွေ သေသေချာချာမှတ်ပါ၊ တရားမများပါဘူး...။ (မှန်ပါ့)၊

တရားမများပါဘူး၊ နိဗ္ဗာန်ဝင်ချင်ရင် ခန္ဓာအစဉ်ဖြတ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)၊ ခန္ဓာအစဉ်ဖြတ်လိုက်လို့ရှိရင်ဖြင့် တဏှာ အလိုလိုပြတ်ထွက်သွားတယ်ဆိုတာကော သေချာပလား...။ (သေချာပါပြီဘုရား)။

## နိဗ္ဗာန်ဝင်ချင် ဘာလုပ်ရမယ်

ဒါဖြင့် နိဗ္ဗာန်ဝင်ချင် ဘာလုပ်ရမယ်...။ (ခန္ဓာအစဉ်ဖြတ်ရပါမယ်)၊ ခန္ဓာအစဉ်ဖြတ်ရလိမ့်မယ်ဆိုတော့ ဒကာဒကာမတွေ ဒီဘက်က ငါးခုနဲ့ ဒီဘက်က သုံးခု မဆက်စေနဲ့... (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဒီဘက်က ငါးခုနဲ့... (ဒီဘက်ကသုံးခု မဆက်စေနဲ့)၊ သုံးနဲ့ငါး, ငါးနဲ့သုံး မဆက်စေနဲ့...။ (မှန်ပါဘုရား)။

ဒကာ ဒကာမတို့ သေသေချာချာပဲ ရှင်းအောင် ပြောနေတယ်၊ ငါးနဲ့သုံး...(မဆက်စေနဲ့)၊ ငါးက ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ...(မှန်ပါ)၊ သုံးက တဏှာ, ဥပါဒါန်,ကံ...(မှန်ပါ)၊ ငါးနဲ့သုံး မဆက်စေနဲ့... (မှန်ပါ)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ ငါးနဲ့သုံး...(မဆက်စေနဲ့)၊ အဲဒါ ခန္ဓာအစဉ်ဖြတ်တာပဲ...။ (မှန်ပါ)၊ ရှင်းပြီနော်...။ (ရှင်းပါပြီ)၊ ငါးနဲ့သုံး မဆက်စေနဲ့၊ ဒါ ဘာလုပ်တာတုံး...။ (ခန္ဓာအစဉ်ဖြတ်တာပါ)၊ ခန္ဓာအစဉ်ဖြတ်နေတာ...။ (မှန်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဝင်ချင် ခန္ဓာအစဉ်ကို ဖြတ်ဆိုတာ ငါးနဲ့သုံး မဆက်စေနဲ့…။ (မှန်ပါ)၊ မောင်ထွန်းလှိုင်…ကျေနပ်ပလား…။ (ကျေနပ်ပါပြီ)၊ ဘာနဲ့ ဘာနဲ့ မဆက်ရမှာတုံး…။ (ငါးနဲ့သုံး မဆက်ရပါဘုရား)။

ငါးနဲ့သုံး မဆက်စေနဲ့ဆိုတဲ့ စကားဟာ ဒကာ ဒကာမတို့ သာမညအရေးကြီးတဲ့စကားလို့ မယူလိုက်နဲ့နော်…။ (မှန်ပါ)၊ ဘုရားတစ်ဆူဆူပေါ်မှ ပဋိစ္စသမုပ္ပါဒ်ဖြတ်နည်းကို ရတယ်…။ (မှန်ပါဘုရား)။

**ဘယ်နေရာ ဘုရားဖြစ်သတုံး**

ဒါကြောင့် ဒကာ ဒကာမတို့…ဘုရားဖြစ်သွားတယ်ဆိုတဲ့ ဥစ္စာ ဘယ်နေရာမှာ ဘုရားဖြစ်သွားသတုံး…လို့မေး၊ မနှစ်ကလဲ ဟောဖူးပါတယ်၊ ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်လို့ ဘုရားဖြစ်တယ်…။ (မှန်လှပါဘုရား)၊ ဘုရား ဘယ်နေရမှာ ဖြစ်သတုံး…။ (ဝေဒနာနဲ့တဏှာကြား မဂ်ဝင်လို့ ဖြစ်ပါတယ်)၊ ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တယ်…။ (မှန်ပါဘုရား)။

**ဝေဒနာနှင့်တဏှာကြားမှာ ဖြစ်တယ်**

သောတာပန် ဘယ်မှာ ဖြစ်ပါလိမ့်…။ (ဝေဒနာနဲ့ တဏှာကြားမှာ ဖြစ်ပါတယ်)၊ သကဒါဂါမ် ဘယ်မှာ ဖြစ်ပါ

လိမ့်...။ (ဝေဒနာနဲ့ တဏှာကြားမှာဖြစ်ပါတယ်)၊ အနာဂါမ် ဘယ်မှာ ဖြစ်ပါလိမ့်...။ (ဝေဒနာနဲ့ တဏှာကြားမှာ ဖြစ်ပါ တယ်)၊ ရဟန္တာ ဘယ်မှာ ဖြစ်ပါလိမ့်...။ (ဝေဒနာနဲ့ တဏှာကြားမှာ ဖြစ်ပါတယ်)၊ ကဲ...ဦးခင်မောင်တို့အားလုံး ကျေနပ်ပလား...။ (ကျေနပ်ပါပြီ)။

ဩော်...သံသရာ ဖြတ်သမားများဟာ ဒုက္ခဖြတ်သမား ဟူသရွေ့ သည်ကြားမှာပဲ အလုပ်,လုပ်သွားကြတာပဲ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဝေဒနာနောက်က မဂ်ဝင်သွားတာချည်းပဲဆိုရင်ကော ငြင်းဖို့ လိုသေးသလား...။ (မလိုပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ဝင်ချင် ဘာလုပ်ရ မယ်...။ (ခန္ဓာအစဉ်ဖြတ်ရမယ်)၊ ခန္ဓာအစဉ်ဖြတ်ရမယ်၊ ဒီဘက်ခန္ဓာက ဘာသစ္စာ...(ဒုက္ခသစ္စာပါဘုရား)၊ လာလတ္တံ့ ခန္ဓာက...(ဒုက္ခသစ္စာပါပဲဘုရား)။

အဲဒီ ခန္ဓာအစဉ်ကို ဖြတ်လိုက်တော့ ပထမခန္ဓာအစဉ် နောက်က မဂ်ဝင်လိုက်တဲ့အခါကျတော့ နောက်အနာဂတ် အစဉ် ဘယ့်နှယ်နေပါလိမ့်...။ (ပြတ်သွားပါတယ်ဘုရား)။

အဲဒီတော့ ခန္ဓာနိရောဓာ ဘယ့်နှယ်ဆိုကြမလဲ... (နိဗ္ဗာန်ပါဘုရား)၊ ခန္ဓာနိရောဓာနိဗ္ဗာန်နဲ့ ဒီဘက်က တဏှာ နိရောဓာ နိဗ္ဗာန်က ဒီသုံးခုကို ဆိုပါတယ်၊ ရှင်းပလား...။ (ရှင်းပါပြီ)။

ဒါဖြင့် တဏှာချုပ်လို့လဲ ဒီဘက်က ဘာတုံး...။ (တဏှာချုပ်ပါတယ်)၊ သဘောကျပလား...။ (ကျပါပြီ)၊ တဏှာချုပ်လို့လဲ ဒီဘက်က အနာဂတ် ဘာဖြစ်သလဲ...။ (ဒုက္ခချုပ်ပါတယ်)၊ သမုဒယရဲ့ ဒုက္ခချုပ်သွားပါတယ်...။ (မှန်ပါ့)၊ ဘယ်လိုဆိုကြမလဲ...။ (သမုဒယရဲ့ ဒုက္ခချုပ်သွားပါတယ်ဘုရား)။

သမုဒယသစ္စာသုံးခုနဲ့ နောက်လာလတ္တံ့ဖြစ်တဲ့ ဒုက္ခသစ္စာ ဆိုတဲ့ ဇာတိ, ဇရာ, မရဏကော မချုပ်ဘူးလား...။ (ချုပ်ပါတယ် ဘုရား)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတို့ နိဗ္ဗာန် ရောက်ချင် ခန္ဓာအစဉ်ဖြတ်ရမယ်ဆိုတဲ့ ဥစ္စာသည် ဪ...ဆရာဘုန်းကြီးက ကြံစည်၍ ပြောတာလား...တဲ့၊ ပဋိစ္စသမုပ္ပါဒ် ပြပြီးတော့ သေသေချာချာ ရှင်းပြတာလား...လို့ မေးရင် ဦးခင်မောင် ဘယ့်နှယ်ပြောမယ်...(ပဋိစ္စသမုပ္ပါဒ်ပြပြီး ရှင်းပြတာပါ)၊ သေသေချာချာ ရှင်းပြတာ ဒကာ ဒကာမတို့၊ ဘာမှ သံသယမရှိနဲ့တော့...။ (မှန်ပါ့)၊ သဘောပါကြလား...။ (ပါ,ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဝင်ချင်ရင် ဘာလုပ်ရမယ်...။ (ခန္ဓာအစဉ်ဖြတ်ရမယ်)၊ ဘယ်ကြားမှာ ဖြတ်ရပါလိမ့်...(ဝေဒနာနဲ့ တဏှာကြားမှာ ဖြတ်ရမှာပါ)၊ ဝေဒနာနဲ့ တဏှာကြားမှာ

ဒီဘက်က ဒကာ ဒကာမတွေ ဘယ်ကြား ဖြတ်ရပါလိမ့်...။ (ဝေဒနာနဲ့ တဏှာကြားမှာ ဖြတ်ရမှာပါ)၊ ဘုရား ဒီနေရာမှာ ဖြတ်တယ်ဆိုတာ သဘောကျပလား...။ (ကျပါပြီ)၊ ရဟန္တာ ဒီနေရာ ဖြတ်သွားတယ်ဆိုတာကော...(သဘောကျပါတယ်)၊ သဘောကျပြီနော်၊ သောတာပန်လဲ သူ့အလိုက် ဒီနေရာကနေပြီး သောတာပတ္တိမဂ်ကို ရတာပဲဆိုတာကော သေချာပလား...။ (သေချာပါပြီ)။

ဒါဖြင့် နေရာကျပါပြီတဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တော်တော်ရှင်းသွားတဲ့အခါကျတော့ ဝိပဿနာရှုစရာက ဘယ်ဘက်ကတုံး...၊ ဝိပဿနာရှုလို့ ကိစ္စပြီးသွားတာက ဘယ်ဘက်ကတုံးဆိုတဲ့ မေးခွန်းထွက်လာတယ်...။ (တင်ပါဘုရား)။

ဝိပဿနာရှုစရာက ဒကာ ဒကာမတို့ ငါးဘက်က မှတ်နော်...။ (မှန်ပါ့)၊ ဝိပဿနာရှုလို့ ကိစ္စပြီးတာက သုံးဘက်က မှတ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဝိပဿနာရှုရမှာက...(ငါးဘက်ကပါဘုရား)။

**ဝိပဿနာရှုစရာ**

ငါးဘက်က ကြိုက်ရာရှု၊ ဝိညာဏ်က ရှုချင်ရှု၊ နာမ်ရုပ် ရှုချင်ရှု၊ သဠာယတန ရှုချင်ရှု၊ ဖဿရှုချင်ရှု၊ ဝေဒနာ ရှုချင်ရှု၊ ဝိပဿနာရှုရမှာက ငါး...(မှန်လှပါဘုရား)။

ဝိပဿနာရှုခြင်းကြောင့် အကျိုးခံစားရတာက သုံး, မပေါ်ဘူးလား…။ (မှန်ပါ့ဘုရား)၊ ရိပ်မိပလား…။ (ရိပ်မိပါပြီ)၊ သုံး,ပေါ်သေးရဲ့လား…။ (မပေါ်တော့ပါဘုရား)၊ သုံး ဘာဖြစ်လို့ မပေါ်ပါလိမ့်မလဲလို့ မေးတဲ့အခါကျလို့ရှိရင်၊ ဒကာ ဒကာမတို့ သုံးသည်ကားလို့ဆိုရင် ကိလေသာ သတ်တတ်တဲ့ မဂ်က ဖြတ်လိုက်သောကြောင့် သုံး,မပေါ်နိုင်ဘူး၊ တဏှာ, ဥပါဒါန်, ကံ ပေါ်နိုင်သေးရဲ့လား…။ (မပေါ်နိုင်ပါဘုရား)၊ တဏှာ,ဥပါဒါန်,ကံ ပေါ်နိုင်သေးရဲ့လား…။ (မပေါ်နိုင်ပါဘုရား)။

တဏှာမပေါ်ဘဲနဲ့ ဥပါဒါန်က…(မပေါ်ပါဘုရား)၊ ဥပါဒါန်မှ မပေါ်ဘဲနဲ့ ကံကကော…(မပေါ်ပါဘုရား)၊ မပေါ်နိုင်ဘူးဆိုတာ ဒကာ ဒကာမတွေ ကောင်းကောင်းကြီး ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဝိပဿနာရှုရမှာက ရှေ့ပိုင်းက ဝိပဿနာရှုလို့ အကျိုးပေးတာက သုံးခု၊ သေသွားတယ် ဆိုတာကော သေချာပလား…။ (သေချာပါပြီ)။

ကဲ…ဦးခင်မောင် ဒီထက်ရှင်းတာ ဘယ်ရာတွေ့တော့ မလဲ…။ (မတွေ့ပါဘုရား)၊ မရှင်းသေးဘူးလား…။ (ရှင်းပါပြီ)၊ ဝိပဿနာရှုစရာက ဘယ်နှစ်ခုပါလိမ့်…။ (ငါးခုပါဘုရား)၊ ငါးခု၊ ငါးခုက ရှင်းပြမယ်၊ ဝိညာဏ်ရှုချင်ရှုပါ…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ)၊ နာမ်ကိုလဲ

ရှုချင်ရှု၊ ရုပ်ကိုကော...(ရှုချင်ရှုပါဘုရား)၊ စက္ခု,သောတ, ဃာန, ဇိဝှါ, ကာယကိုကော...(ရှုချင်ရှုပါ)၊ သဠာယတန ကို...(ရှုချင်ရှုပါ)၊ ဖဿကိုကော...(ရှုချင်ရှုပါ)၊ ဝေဒနာ ကော...(ရှုချင်ရှုပါဘုရား)။

အဲ...ဒီ ငါးခု ကြိုက်ရာက ဒကာ ဒကာမတွေက သတိပဋ္ဌာန်လေးပါးနဲ့ ဝေဖန်ခဲ့လို့ရှိရင်ဖြင့် သတိပဋ္ဌာန် လေးပါးထဲ ဝင်သွားတယ်...။ (မှန်ပါ့ဘုရား)။

အဲဒီ...ကြိုက်ရာကို ဒကာ ဒကာမတွေက သတိပဋ္ဌာန် လေးပါး ဆက်လက်ပြီး တစ်ပါးပါးရှုရင်ဖြင့် ဒီဘက်က ဝိပဿနာ ရှုစရာ၊ ဒီဘက်က ဝိပဿနာအကျိုးပေးတာလို့ သေသေချာချာမှတ်ပါ...။ (မှန်ပါ့)၊ ဒီဘက်က ဘယ့်နှယ် ဆိုကြမယ်...(ဝိပဿနာရှုစရာပါဘုရား)၊ ဒီဘက်က သုံးခု က...(အကျိုးပေးတာပါဘုရား)။

ဝိပဿနာရှုသောကြောင့် အကျိုးပေးပြီးတာဆိုတော့ ဩော်...တို့ဆရာဘုန်းကြီးက အကွက်ကျ ရှင်းပြနေတာပါ ကလားဆိုတာ ဦးခင်မောင်ရေ၊ ဒကာသစ်တို့ ပေါ်ပြီ...။ (မှန်ပါ့)၊ မပေါ်ဘူးလား...။ (ပေါ်ပါတယ်ဘုရား)၊ ဝိပဿနာ ရှုစရာက ဘယ်နှစ်ခုပါလိမ့်...။ (ငါးခုပါဘုရား)၊ ငါးခုပေ မယ့်လဲ ပဋိစ္စသမုပ္ပါဒ်အလိုနဲ့ ဒကာ ဒကာမတို့ ရိပ်မိ ပလား...။ (မှန်ပါ့ဘုရား)။

သတိပဋ္ဌာန်လိုတော့ လေးပါးပဲ၊ ဒါရှု စိတ္တာနုပဿနာ

ဖြစ်မှာပဲ၊ ဒီဘက်ကဟာတွေ ရှုနေလို့ရှိရင်ဖြင့် ဓမ္မာနုပဿနာ ဖြစ်မှာပဲ၊ ဒီဘက်ကဟာ ရှုလို့ရှိရင် ကာယာနုပဿနာ ဖြစ်မှာပဲ၊ သဘောကျပလား…။ (မှန်ပါ)၊ ဒီဘက်က ထပ်ပြီး အာယတနတွေ ရှုလိုက်လို့ရှိရင်လဲ စိတ္တာနုပဿနာနဲ့ ကာယာနုပဿနာ သွားဦးမှာပဲ…။ (မှန်ပါဘုရား)။

လိုရင်းတော့ဖြင့် ဒကာ ဒကာမတွေ ဒီထဲမှာ သတိပဋ္ဌာန်လေးပါး ပါသွားတယ်…။ (မှန်လှပါဘုရား)၊ ငါးခုသာ ဆိုတာ သတိပဋ္ဌာန်လေးပါးထဲသွင်းလိုက်တော့ သတိပဋ္ဌာန် လေးပါးထဲ အကုန်မပါဘူးလား…။ (ပါ,ပါတယ်ဘုရား)၊ ရှင်းကြပလား…။ (ရှင်းပါပြီဘုရား)။

## ခန္ဓာပေါ်လို့ ကြောက်နေရတာ

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခန္ဓာရှိရင်… အပါယ် ကြောက်နေရတာက ဘာဖြစ်လို့ ကြောက်ရတာတုံး၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်ကို ဘာဖြစ်လို့ ဒီလောက်ကြောက်ကြတာတုံးမေးလို့ရှိရင်ဖြင့် ခန္ဓာပေါ်မှာကြောင့်၊ ခန္ဓာပေါ်ရင် တစ်နေရာရာ ရောက်မှာပဲ၊ မသေချာဘူးလား…။ (သေချာပါတယ်ဘုရား)၊ ခန္ဓာပေါ်ရင်…(တစ်နေရာရာရောက်မှာပါဘုရား)၊ သုံးဆယ့်တစ်ဘုံ တစ်နေရာရာ မရောက်ပေဘူးလား…။ (ရောက်ပါတယ် ဘုရား)။

အဲဒီတော့ ခန္ဓာပေါ်လို့ ကြောက်နေရတာ...(မှန်ပါ)၊ အပါယ်လေးပါးကျရတယ်ဆိုတာ ဘာပါလိမ့်...။ (ခန္ဓာပေါ်လို့ပါဘုရား)။

## ခန္ဓာကြီးက ဒုက္ခသစ္စာ

ဒါဖြင့် ခန္ဓာကြီးက ဘာသစ္စာတုံး...။ (ဒုက္ခသစ္စာပါဘုရား)၊ ပေါ်မည့်ခန္ဓာက ဒုက္ခသစ္စာမို့ "ဒုက္ခသ ပီဠနဋ္ဌော" ဆိုတဲ့အတိုင်း အနှိပ်စက်ခံဖို့ ပေါ်လာတာပဲ...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ)၊ နောက်ပေါ်မည့်ခန္ဓာက ဘာသစ္စာတုံး...။ (ဒုက္ခသစ္စာပါဘုရား)၊ ဘာလုပ်ဖို့ ပေါ်လာတာပါလိမ့်...။ (အနှိပ်စက်ခံဖို့ပါဘုရား)၊ အနှိပ်စက်ခံဖို့ ပေါ်လာတယ်ဆိုတာ သေချာကြပလား...။ (သေချာပါပြီဘုရား)။

အဲ...အနှိပ်စက်ခံဖို့ပေါ်လာတာကို ကျုပ်တို့က မပေါ်လာအောင် လုပ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဟောဒီ ယောဂီဟာ မဂ်ဆိုက်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ သူ့မှာ နောက်ခန္ဓာအတွက် စိုးရိမ်စရာ ရှိသေးသလား...။ (မရှိပါဘုရား)၊ အပါယ်လေးပါးမှာ နာရချည်သေးရဲ့ ဆိုတာကော ရှိသေးရဲ့လား...။ (မရှိပါဘုရား)၊ နတ်ပြည်သွားပြီးသကာလ အလောင်းကြီးကျဖြစ်ရချည်သေးရဲ့ဆိုတာကော ရှိသေးရဲ့

လား…(မရှိပါဘုရား)၊ ဗြဟ္မာ့ပြည်သွားပြီး အလောင်းကြီးကျ ဖြစ်ရချေသေးရဲ့ဆိုတာကော…(မရှိပါဘုရား)။

**ခန္ဓာရှိမှ အပါယ်လေးပါး ရှိတယ်**

ဘာ့ကြောင့်တုံး…လို့ မေးတဲ့အခါကျတော့ ဒကာ ဒကာမတို့တဲ့…ခန္ဓာရှိမှ အပါယ်လေးပါးရှိတယ်…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ)၊ ခန္ဓာရှိမှ…(အပါယ်လေး ပါး ရှိပါတယ်)၊ ခန္ဓာရှိမှ နတ်ပြည်ခြောက်ထပ်…(ရှိပါ တယ်)၊ ခန္ဓာရှိမှ ဗြဟ္မာ့ပြည်နှစ်ဆယ်…(ရှိပါတယ်ဘုရား)၊ အဲဒါတွေဟာ ဒုက္ခသစ္စာချည်း မဟုတ်လား…။ (မှန်ပါ့)။

အဲဒီတော့ ခန္ဓာကို ရုပ်သိမ်းလိုက်သည်နှင့် တစ်ပြိုင် တည်း မောင်ထွန်းလှိုင်တို့ စဉ်းစားကြည့်၊ ကျုပ်တို့ဖြင့် ဘယ်ဘုံ, ဘယ်ဒုက္ခမှ မရှိတော့ဘူး ဆိုနိုင်, မဆိုနိုင်… (ဆိုနိုင်ပါတယ်ဘုရား)၊ သဘောပါကြလား…။ (ပါ,ပါပြီ)၊ ဘယ်ဘုံ, ဘယ်ဒုက္ခရှိသေးတုံး…။ (မရှိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အပါယ်ကျမှာ သိပ်ကြောက်တယ် ဆိုတဲ့ဥစ္စာ ခန္ဓာဖြစ်မှာကြောင့် အပါယ်ကြောက်နေရတာ…။ (မှန်လှပါ)၊ ဘာ့ကြောင့် ကြောက်ရပါလိမ့်…။ (ခန္ဓာဖြစ်မှာ ကြောင့် ကြောက်တာပါ)၊ ခန္ဓာဖြစ်မှာကြောင့် အပါယ် ကြောက်နေရတယ်။

**ခန္ဓာအကြောင်းရင်းခံ ပြောတာ**

ဟို...နတ်ပြည်သွားပြီးသကာလ၊ ပျော်မြူးပြီးသကာလ တပည့်တော်တို့ ပျော်ချင်တိုင်းပျော်၊ တော်တော်ကြာ အပါယ်လေးပါး ရောက်ရဦးမှာ ဆိုတာကော ဘယ်သူ့အကြောင်းရင်းခံ ပြောတာတုံး...။ (ခန္ဓာကိုယ်အကြောင်းရင်းခံပြောတာပါဘုရား)။

ဗြဟ္မာ့ပြည်မှာ ဘုရား အသက်တမ်းကြီးကလဲ ရှည်ပါဘိနဲ့၊ တော်တော်ကြာ ဗြဟ္မာ့ပြည်ကနေ အပါယ်လေးပါးလဲ ရောက်ပြန်တာပဲ၊ ဒါလဲ ဘယ်သူ့ကို အကြောင်းရင်းခံ ပြောတာတုံး...။ (ခန္ဓာကို အကြောင်းရင်းခံပြောတာပါ)၊ ခန္ဓာကို အကြောင်းရင်းခံ ပြောတာချည်းပဲဆိုတာ သေချာကြပလား...။ (သေချာပါပြီ)။

**ဝိပဿနာဆိုတာ မလိုချင်အောင်ရှုတာ**

ဒါဖြင့်...ဒကာ ဒကာမတို့ ဒီခန္ဓာမလိုချင်ရင် ဒီဘက်ခန္ဓာ ရပ့်မလား...။ (မရပါဘုရား)၊ ဒါဖြင့် ဝိပဿနာဆိုတာ မလိုချင်အောင်ရှုတာ...(မှန်ပါ့)၊ မပေါ်သေးဘူးလား...။ (ပေါ်ပါပြီ)၊ ဝိပဿနာဆိုတာ...(မလိုချင်အောင်ရှုတာပါ)၊ မလိုချင်အောင် ရှုတယ်ဆိုတာ မလိုချင်တာ မဂ်ပါပဲ...။ (မှန်ပါ့)၊ မလိုချင်တာ ဘာပါလိမ့်...။ (မဂ်ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝိပဿနာ မရှုဘဲနဲ့ ငါဖြင့် ပော့…ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ဘယ်အခါကာလမှ မယုံကြည်လိုက်ပါနဲ့၊ သူတော့ဖြင့် မပါ,မပြီးတဲ့ တရားလို့ မှတ်ကြစမ်းပါ…။ (မှန်လှပါဘုရား)၊ ရှင်းပြီနော်…။ (ရှင်းပါပြီဘုရား)။

ဝိပဿနာမရှုဘဲနဲ့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့တော့ မယူပါနဲ့…။ (မှန်ပါ့ဘုရား)၊ ကိုမြွေ့…ယူလို့ တော်ပါ့မလား…။ (မတော်ပါဘုရား)။

သေသေချာချာ စဉ်းစားကြည့်လေ၊ ဒီဘက်က ငါးခု တစ်ခုခုမှ ခင်ဗျားတို့ အဖြစ်အပျက်ကို မမြင်၊ အဖြစ်အပျက်ကို မတွေ့၊ ဒီငါးခုကို ကျုပ်တို့လိုချင်တဲ့ တဏှာသာ ထွက်လာမယ်ဆိုရင် ဘယ်တော့ နိဗ္ဗာန်ရမလဲ မေးလိမ့်မယ်…။ (မရပါဘုရား)၊ မရနိုင်ဘူးဆိုတာ သေချာကြပလား…။ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားဖြစ်တဲ့နေရာ ဒီနေရာမှာပါပဲတဲ့…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ)၊ ဝေဒနာနဲ့ တဏှာကြား ဘာဖြစ်သတုံး…။ (ဘုရားဖြစ်ပါတယ် ဘုရား)၊ သောတာပန်…(ဝေဒနာနဲ့တဏှာကြား ဖြစ်ပါတယ်)၊ ဝေဒနာနဲ့တဏှာကြား သူလဲ သောတာပန်ဖြစ်တာပဲ၊ သကဒါဂါမ်ကော…(ဝေဒနာနဲ့တဏှာကြားပဲ)၊ အနာ

ဂါမ်...(ဝေဒနာနဲ့တဏှာကြား)၊ ရဟန္တာ...(ဝေဒနာနဲ့တဏှာ ကြား)၊ အဲ...ဒီနေရာဟာ ဗောဓိပင်နဲ့ ရွှေပလ္လင်ပါကလား ဆိုတာ မပေါ်လာသေးဘူးလား...။ (ပေါ်လာပါပြီဘုရား)။

အေး...ဒါကြောင့် ဗောဓိပင်နဲ့ ရွှေပလ္လင်ဆိုတာက အားလုံး ဒကာ ဒကာမတွေ အထည်ပြတာပါ၊ ဘုရား ကိုယ်တော်မြတ်ကြီးရဲ့ ဝမ်းထဲမှာ တဏှာသတ်တာကတော့ ဝေဒနာ နောက်ကနေပြီး မဂ်ဝင်ပြီး ပစ်လိုက်တာနဲ့ ဒကာ ဒကာမတို့ ဘုရားအဖြစ်သို့ ရောက်သွားပါတယ်...။ (မှန်ပါ့)၊ သဘောပါလား...။ (ပါ,ပါတယ်ဘုရား)။

## မဂ်ဉာဏ်နဲ့ ဖြတ်လိုက်လို့ ဘုရားဖြစ်

ဒါဖြင့် ဘုရားကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တာက ကိုယ်တော်ကြီး ပဋိစ္စသမုပ္ပါဒ်ကို ကိုယ်တော်ကြီး မဂ်ဉာဏ်နဲ့ ဖြတ်လိုက်လို့ ဘုရားဖြစ်သွားရတယ်...။ (မှန်ပါ့)၊ ရိပ်မိ ပလား...။ (ရိပ်မိပါပြီဘုရား)။

ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်သွားတာသည် ဘယ်လို ကြောင့် ဖြစ်ပါလိမ့်...။ (ကိုယ်တော်မြတ်ကြီး ဉာဏ်နဲ့ဖြတ် လို့ပါဘုရား)၊ ကိုယ်တော်မြတ်ကြီး ဉာဏ်နဲ့ ကိုယ်တော် မြတ်ကြီး ခန္ဓာဖြတ်ချလိုက်တယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ကိုယ်တော်မြတ်ကြီး ဉာဏ်နဲ့...(ကိုယ်တော် မြတ်ကြီး ခန္ဓာဖြတ်ချလိုက်တယ်)၊ ကိုယ်တော်မြတ်ကြီး

ဉာဏ်က ခန္ဓာအစဉ် မဖြတ်လိုက်ဘူးလား...။ (ဖြတ်လိုက်ပါတယ်ဘုရား)။

ဒါ့ကြောင့် ဒီနေရာမှာ မဂ်လေးတန်ရပြီး ဘုရားမဖြစ်ဘူးလား...။ (ဖြစ်ပါတယ်ဘုရား)၊ ရှင်းကြပြီနော်...။ (မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတို့ ရှေ့ပိုင်းငါးခုသည် ဝိပဿနာရှုစရာ၊ နောက်ပိုင်း သုံးခုသည် ဝိပဿနာရှုခြင်းကြောင့် အကျိုးပြီးတာ...။ (မှန်ပါ့ဘုရား)၊ မောင်ထွန်းလှိုင်တို့ ကျေနပ်ပလား...။ (ကျေနပ်ပါပြီဘုရား)။

ဒကာ ဒကာမတို့ ရှေ့ပိုင်းငါးခုက ဘာလုပ်ရမှာတုံး...။ (ဝိပဿနာရှုစရာပါဘုရား)၊ နောက်သုံးခုက ဘာပါလိမ့်...။ (ဝိပဿနာရှုလို့ပြီးတာပါ)၊ ဝိပဿနာရှုလို့ အကျိုးပြီးတာ၊ အကျိုးပြီးတယ်ဆိုတာ လာသေးရဲ့လား...။ (မလာပါဘုရား)၊ မလာဘူးဆိုတော့ ဩော်...ဒါဖြင့် တို့...ဒီနေရာက ထိုင်ပြီးသကာလ ရှုရမှာပဲဆိုတာ ပေါ်ပြီ...။ (ပေါ်ပါပြီ)၊ မပေါ်သေးဘူးလား...။ (ပေါ်ပါပြီ)၊ ဝေဒနာဘယ်နေရာ ထိုင်ရှုကြမယ်...(ဝေဒနာနဲ့ တဏှာကြား)၊ ဝေဒနာနဲ့ တဏှာကြားကနေ ရှုရမှာပဲ...။ (မှန်ပါ့)၊ ကိုမြရွှေဘယ်ကနေ ရှုမယ်...(ဝေဒနာနဲ့တဏှာကြားက ရှုရပါမယ်ဘုရား)၊ နောက်က ဒကာ ဒကာမတွေ...(ဝေဒနာနဲ့တဏှာကြားကပါဘုရား)။

ဝေဒနာနဲ့ တဏှာကြားကနေ ရှုရမှာပဲ၊ တဏှာလာဖို့ အခွင့်ကို မပေးလို့၊ ပေးလို့ရှိရင် တဏှာ,ဥပါဒါန်,ကံ မလာပေဘူးလား…။ (လာပါတယ်ဘုရား)၊ ဇာတိ, ဇရာ, မရဏ တွေကော…(လာပါတယ်ဘုရား)၊ လာမယ်ဆိုတာ မသေချာဘူးလား…။ (သေချာပါတယ်ဘုရား)၊

**ဒီဘဝအစ ဘယ်ကလဲ**

အဲဒါကြောင့် ဘုရားဖြစ်တဲ့နေရာလဲ ယနေ့ရှင်းပြပါပြီ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်တဲ့ နေရာလဲ ရှင်းပြတဲ့အတွက် ဝိပဿနာသည် ရှေ့ငါးခုကို ရှုပါဆိုတော့ ဒီဘဝ လာရတဲ့ခန္ဓာ၊ ဒီဘဝအစဟာ ဝိညာဏ်က စ,တယ်ဆိုတာ ဦးခင်မောင် ရှင်းပြီ…။ (မှန်ပါ့)၊ ဒကာ ဒကာမတွေ ဒီဘဝအစ,ဘယ်ကပါလိမ့်…။ (ဝိညာဏ်က စ,ပါတယ်ဘုရား)၊ ဝိညာဏ်ပြီး ဘာလာပါလိမ့်…။ (နာမ်, ရုပ်လာပါတယ်ဘုရား)၊ နာမ်,ရုပ်ပြီးတော့…(သဠာယတန ပါ)၊ သဠာယတနပြီးတော့…(ဖဿ)၊ ဖဿပြီးတော့… (ဝေဒနာပါဘုရား)။

ကိုင်း…ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဩော်…ဒီလိုတန်းတာ ပါပဲ ဆိုတာကော ပေါ်လာပလား…။ (ပေါ်လာပါပြီဘုရား)။

ကဲ…ပဋိစ္စသမုပ္ပါဒ်ကို ကျုပ်တို့က ဒကာ ဒကာမတွေ အရှုလွယ်အောင် ခန္ဓာဖွဲ့ကြပါစို့…(မှန်ပါ့)၊ သဘောကျ

ပလား…။ (ကျပါပြီ)၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ရှုလွယ်အောင် ခန္ဓာဖွဲ့ကြပါစို့ ဆိုတော့ ဝိညာဏ်က ဒကာ ဒကာမတို့ ဝိညာဏက္ခန္ဓာဖြစ်သွားတော့ နာမ်တွေက ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာဖြစ်တယ်…၊ စေတနာက သင်္ခါရက္ခန္ဓာ၊ ရုပ်က ရူပက္ခန္ဓာဖြစ်ပြီ…။ (မှန်ပါ့)။

ဒီ သဠာယတနဆိုတဲ့ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယတွေကလဲ ရူပက္ခန္ဓာထဲ သွင်းလိုက်တော့၊ ဖဿက သင်္ခါရက္ခန္ဓာထဲ သွင်းတော့၊ ဝေဒနာက ဝေဒနာက္ခန္ဓာထဲ သွင်းလိုက်တော့ ခန္ဓာငါးပါး ပြန်ဖြစ်တယ်…။ (မှန်ပါ့)၊ ရိပ်မိပလား…။ (ရိပ်မိပါပြီ)၊ ခုနက ငါးခုပေါင်းလိုက်တော့ ဘာလာသတုံး…။ (ခန္ဓာငါးပါး ဖြစ်ပါတယ်)၊ ခန္ဓာငါးပါး၊ ခုနက ဝိညာဏ်, နာမ်,ရုပ်, သဠာယတန, ဖဿ, ဝေဒနာ တွေ ပေါင်းလိုက်တော့ကို ဘာဖြစ်လာသတုံး …(ခန္ဓာငါးပါး ဖြစ်ပါတယ်ဘုရား)။

အဲ…ဒါဖြင့် အခု…ခန္ဓာငါးပါးဟာ ခင်ဗျားတို့၏ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်လိုက်…(မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီ)၊ အခု ခန္ဓာငါးပါးဟာ…(ပဋိစ္စသမုပ္ပါဒ်ပါဘုရား)၊ ခင်ဗျားတို့ ယခုဖြစ်နေတဲ့ ခန္ဓာငါးပါးဟာ ယခု ပဋိစ္စသမုပ္ပါဒ်ပဲဆိုတာ မသေချာဘူးလား…။ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာငါးပါး ရှုရမှာပဲ...။ (မှန်ပါ)၊ ပေါ်ကြပလား ...။ (ပေါ်ပါပြီ)၊ ဘယ်သူ့ကို ရှုရမှာပါလိမ့်...။ (ဒီငါးပါးကို ရှုရမှာပါဘုရား)၊ ဒီလိုဆိုတော့ ဒကာသစ်ရေ... ခုနကထက် ပိုရှင်းသွားပြီ...။ (မှန်ပါ့ဘုရား)။

**ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်**

ပဋိစ္စသမုပ္ပါဒ် ငါးမျိုးပေါင်းလိုက်တော့ ဘာဖြစ်လာသတုံး...။ (ခန္ဓာငါးပါးဖြစ်လာပါတယ်ဘုရား)၊ ခန္ဓာငါးပါးပဲဖြစ်တယ်ဆိုတာ သေချာပလား ...။ (သေချာပါပြီ)၊ ပဋိစ္စသမုပ္ပါဒ်ငါးမျိုး ပေါင်းလိုက်တော့...(ခန္ဓာငါးပါးဖြစ်လာပါတယ် ဘုရား)။

ဩော်...တို့ကို ဆရာဘုန်းကြီး ရှင်းပြီးပြီ၊ တခြားသူလား အောက်မေ့နေတယ်၊ ငါတို့ပါကလား၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ, ဒီခန္ဓာငါးပါးဆိုတာပါကလားလို့ ဒကာ ဒကာမတွေဉာဏ်ထဲမှာ ရှင်းထားပါတော့နော်...။ (မှန်ပါ)၊ ရှင်းနိုင်ကြပလား...။ (ရှင်းနိုင်ပါပြီ)၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်...(ခန္ဓာငါးပါးပါဘုရား)၊လက်ရှိခန္ဓာငါးပါး...။ (မှန်ပါ)၊ ရှင်းကြပလား...။ (ရှင်းပါပြီ)၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပါလိမ့်...(လက်ရှိခန္ဓာငါးပါးပါဘုရား)။

လက်ရှိခန္ဓာငါးပါးကို ဒကာ ဒကာမတွေက သိရှိထားတော့မှ ဩော်...တခြားရှုရမှာလား အောက်မေ့နေတယ်၊

လက်ရှိခန္ဓာငါးပါး ရှုလိုက်ပြီ တာပဲ...။ (မှန်ပါ)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ)၊ ဘာရှုရမယ်...(လက်ရှိခန္ဓာငါးပါး ရှုရပါမယ်ဘုရား)။

လက်ရှိ ခန္ဓာငါးပါး ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဟောဒီ မြင်ရဲ့လား၊ ပဋိစ္စသမုပ္ပါဒ် ရှေ့ငါးပါး ရှုဆိုတာနဲ့ အဲဒါ...ပေါင်းလိုက်တော့လဲ ယခု လက်ရှိခန္ဓာငါးပါး ဖြစ်လာပြန်တော့ ဒကာ ဒကာမတို့ ဒီခန္ဓာငါးပါးမှတစ်ပါး ရှုစရာကော ရှိပါရဲ့လား...။ (မရှိပါဘုရား)၊ ဦးခင်မောင် သေချာပြီ...။ (သေချာပါပြီဘုရား)၊ အားလုံး ဒကာ ဒကာမတွေ သေချာပလား...။ (သေချာပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ပဋိစ္စသမုပ္ပါဒ် ပြတ်,မပြတ်၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ခန္ဓာနဲ့ဟာ တခြားစီပဲလား၊ အတူတူပဲလား...။ (အတူတူပါပဲဘုရား)၊ ပေါင်းလိုက်တော့ အတူတူဖြစ်သွားပါတယ်...။ (မှန်ပါဘုရား)။

အဲဒီတော့ ဝင်မရှုပ်ပါနဲ့ဆိုတော့ ဆရာဘုန်းကြီးက အလွန်ရှင်းပြနေတဲ့အတွက် ဩော်...ကိုယ့်ခန္ဓာငါးပါး ကိုယ်ရှုလိုက်လို့ရှိရင်ဖြင့် ခန္ဓာပြတ်သွားတာပဲ...။ (မှန်လှပါ)၊ ဒီဘက်က ခန္ဓာလာသေးရဲ့လား...။ (မလာပါဘုရား)၊ ခန္ဓာဖြစ်ကြောင်းတွေကော...(မလာပါဘုရား)၊ မလာရင် ပြတ်တာပဲ၊ ပြတ်လို့ရှိရင် ဒီဘက်မှာ ဘာသစ္စာတုံး...။ (နိရောဓသစ္စာပါဘုရား)။

ဒီဘက်မှာ ဒကာ ဒကာမတို့ ဒီတဏှာချုပ်တာလဲ နိရောဓသစ္စာပဲ...။ (မှန်လှပါဘုရား)၊ "တဏှာနိရောဓော နိဗ္ဗာနံ"ပဲ...။ (မှန်လှပါ)၊ သဘောကျပလား...။ (ကျပါပြီ)၊ ဒီဘက်က နောက်လာမည့် ခန္ဓာချုပ်တာကော...(နိရောဓ သစ္စာပါပဲ)၊ နိရောဓသစ္စာဆိုတာ နိဗ္ဗာန်ပဲ မဟုတ်လား...။ (မှန်လှပါဘုရား)။

ဪ...ဒါဖြင့် လက်ရှိခန္ဓာငါးပါး ရှုလိုက်လို့ရှိရင် ဒီဘက်က တဏှာချုပ်တဲ့နိဗ္ဗာန်လဲ ကျုပ်တို့ကိုယ်ပိုင်ရတာ ပဲ၊ သဘောပါလား...။ (ပါ,ပါပြီ)၊ ခန္ဓာချုပ်တဲ့ နိဗ္ဗာန် ကော...(ရပါတယ်ဘုရား)၊ ရတယ်ဆိုတော့ ကျုပ်တို့အလုပ် ဘာပါလိမ့်မလဲလို့ မေးတော့မှ လက်ရှိခန္ဓာငါးပါးကို ဝိပဿနာရှုမှု၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)၊ ဘာလုပ် ကြမလဲ...(လက်ရှိခန္ဓာငါးပါးကို ဝိပဿနာရှုရပါမယ်)၊ လက်ရှိခန္ဓာငါးပါးကို ဝိပဿနာရှုမှုဆိုတာ သေချာကြ ပလား...။ (သေချာပါပြီဘုရား)။

## ခန္ဓာငါးပါးသည် ရုပ်နှင့်နာမ်

ကောင်းပြီ၊ ဒါဖြင့် လက်ရှိခန္ဓာငါးပါး ဝိပဿနာ ရှုတော့ ဒကာ ဒကာမတွေ လက်ရှိခန္ဓာငါးပါးကို များတယ် ထင်လို့ရှိရင် ဘုန်းကြီး ကျဉ်းပေးပါဦးမယ်၊ ဒီထဲမှာ ရုပ်က ရူပက္ခန္ဓာထား၊ နာမက္ခန္ဓာလေးပါးက တစ်ခုပျက်ရင် အကုန်

ပျက်တာဖြစ်သောကြောင့် နာမ်ပဲလို့ မှတ်လိုက်၊ သဘောကျ ပလား...။ (မှန်ပါ့ဘုရား)။

## ရုပ်ရှုရှု, နာမ်ရှုရှု နိဗ္ဗာန်ရောက်မှာပဲ

အဲဒီတော့ ခန္ဓာငါးပါးကို နှစ်ပုံ,ပုံလိုက်တော့ ရုပ်နဲ့ နာမ်ပဲရှိတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ ခန္ဓာငါးပါး နှစ်ပုံ,ပုံလိုက်တော့...(ရုပ်နဲ့နာမ်ပဲ ရှိပါတယ် ဘုရား)။

ဒါဖြင့် ရုပ်ရှုလဲ နိဗ္ဗာန်ရောက်မှာပဲ...။ (မှန်လှပါ)၊ နာမ်ရှုလဲ...(နိဗ္ဗာန်ရောက်မှာပါပဲ)၊ ခန္ဓာငါးပါးကို ချုံးလိုက် ပြန်တော့ ဘယ်နှစ်ခုဖြစ်သွားသတုံး...။ (နှစ်ခုဖြစ်သွားပါ တယ်)၊ နှစ်ခုတည်းဖြစ်သွားတယ်ဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

အင်း...ဟင်...ဘာသာလျှင် ရှိပါလိမ့်...။ (ရုပ်နဲ့ နာမ်ပဲ ရှိပါတယ်ဘုရား)၊ ရုပ်နဲ့နာမ်ပဲရှိတယ်ဆိုတာ သေချာ ပလား...။ (သေချာပါပြီဘုရား)။

ဒါဖြင့် ရုပ်ရှုလဲ နိဗ္ဗာန်ရောက်မှာပဲ...။ (မှန်ပါ့)၊ နာမ်ရှု ကော...(နိဗ္ဗာန်ရောက်မှာပါပဲ)၊ ဩော်...တပည့်တော်တို့ နှစ်ခုရှုရမှာဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

ကောင်းပြီ၊ ဒီနှစ်ခုတောင်မှ ဒကာ ဒကာမတွေက များသေးတယ် ထင်လို့ရှိရင်ဖြင့် ရုပ်ဟာလဲ ရှုပါဆိုတော့

ရုပ်ကို ရှုရမှာလား၊ အနိစ္စဆိုတဲ့ ဖြစ်ပျက်ကို ရှုရမှာလား...။ (အနိစ္စဆိုတဲ့ ဖြစ်ပျက်ကို ရှုရမှာပါဘုရား)။

နာမ်ကို ရူပါလို့ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်, နာမ်ကို ရူပါလို့ ဆိုကြသော်လဲ နာမ်ရှုရမှာလား၊ သူတို့၏ ဖြစ်,ပျက်ရှုရမှာလား...(သူတို့၏ ဖြစ်,ပျက်ရှုရမှာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ "သဗ္ဗေသင်္ခါရာ အနိစ္စာ" တစ်ခုတည်းရှု...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဘာရှုကြမယ်...။ (သဗ္ဗေသင်္ခါရာအနိစ္စာ တစ်ခုတည်း ရှုရမယ်)၊ အနိစ္စာတစ်လုံးတည်းနှင့် ပြီးသွားတာပဲ...။ (မှန်ပါ ဘုရား)၊ ချုံးလိုက်ပြီ၊ ချုံးလိုက်ပြီ ဒကာ ဒကာမတို့၊ အခု ချုံးလိုက်ပုံကော သဘောကျရဲ့လား...။ (ကျပါတယ်ဘုရား)။

## နာမ်ရုပ်ကို ချုံးလိုက်တော့ အနိစ္စာ

ပဋိစ္စသမုပ္ပါဒ် ချုံးလိုက်တော့ ခန္ဓာငါးပါးဖြစ်လာတယ်...။ (မှန်ပါ)၊ ခန္ဓာငါးပါး ဒုတိယချုံးလိုက်ပြန်တော့ နာမ်ရုပ်ဖြစ်လာတယ်...။ (မှန်ပါ)၊ နာမ်ရုပ်တွေကို တစ်ခါချုံး လိုက်ပြန်တော့ အနိစ္စတစ်လုံးတည်းပဲ ကျန်ရစ်တော့တယ်...' (မှန်ပါဘုရား)။

ရုပ်မှာလဲ ဘာရှိတုံး...(အနိစ္စပါ)။

နာမ်မှာလဲ ဘာရှိတုံး...(အနိစ္စပါ)။

ဒါဖြင့် အနိစ္စတစ်လုံးတည်း ရှုလို့ရှိရင် ဒုက္ခ, အနတ္တ, ဒုက္ခသစ္စာ အကုန်ပါသွားတယ်လို့ ဒကာ ဒကာမတွေ ယနေ့ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ့ဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

## အနိစ္စ တစ်လုံးတည်း ရှု

ဒါဖြင့် ဘယ်နှစ်လုံး ရှုရမှာလဲ...(အနိစ္စတစ်လုံးတည်း ရှုရမှာပါ)၊ တစ်လုံးတည်းရှုရမှာများ များနေသလားလို့ မေးချင်တယ်...။ (မများပါဘုရား)၊ ဒကာ ဒကာမတွေ တစ်လုံးတည်း ရှုရမှာ များသေးသလား...။ (မများပါဘုရား)၊ ဒါမှ များလို့ရှိရင်လဲ ရှာဖို့ အခက်ကြီး...(မှန်ပါ့ဘုရား)။

ကဲ...ဒါဖြင့် ဒကာ ဒကာမတွေ ကနေ့ အင်မတန် စိပ်ပြီးသကာလ ပြောလိုက်တော့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးကကွာ...တဲ့။

* ဥဂ္ဂဋ္ဌတိ ယထာ ဒိဋ္ဌော၊
ပုရေကွိတ္တာ ရဏံ တထာ။
ဝိပဿနံ ပုရေကွိတ္တာ၊
မဂ္ဂဓမ္မော ပဝတ္တတိ။

ဒီ ဂါထာ နာမရူပ ပရိစ္ဆေဒကျမ်းမှာ လာပါတယ်၊ ဒီ ဂါထာ နာမရူပ ပရိစ္ဆေကျမ်းမှာလာတော့ ဒကာ ဒကာမ

* နာမရူပ ပရိစ္ဆေဒ အဋ္ဌကထာ၊ ဒွါဒသမ ပရိစ္ဆေဒ ဂါထာအမှတ် ၁၁၇၉။

တွေ ဒါ အလုပ်စဉ်ကို သူ ပြလိုက်တယ်...။ (မှန်ပါ့)၊ ဘယ်လို ပြလိုက်တုံးဆိုတော့ "ဥဂ္ဂစ္ဆတိ ယထာ ဒိစ္စော၊ ပုရေကွိတွာ ရဏံ တထာ" ဒါ ပါဠိလို ဖြစ်ပါတယ်။

## အရုဏ်တက်ရင် နေထွက်တော့မယ်

မြန်မာလိုကျတော့ နေထွက်မယ်ဆိုရင် ဒကာ ဒကာမ တို့ နေက အရင်ထွက်သလား၊ အရုဏ်က အရင်တက် သလား...(အရုဏ်က အရင်တက်ပါတယ်ဘုရား)၊ သဘော ပါပြီနော်၊ နေထွက်မယ်ဆိုရင် နေက အရင်ထွက်သလား၊ အရုဏ်က အရင်တက်သလား...(အရုဏ်က အရင်တက် ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် အရုဏ်က အရင်တက်ပါလိမ့် မလဲလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မေးလို့ရှိရင် နေဟာ နေ၏အရှိန်အဟော်က အရင်ထွက်လာတယ်...။ (မှန်ပါ့)၊ နေလုံးကြီးက အရင်ထွက်သလား၊ နေ၏ အရှိန်အဟော်က အရင်ထွက်သလား...(နေ၏အရှိန် အဟော်က အရင်ထွက်ပါတယ်ဘုရား)။

နေ၏ အရှိန်အဟော်က အရင်ထွက်လာပြီးလို့ရှိရင် ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပြောလုံးထုတ်လိုက် တာပေါ့၊ ဩော်...အရုဏ်တက်ပြီ၊ နေတော့ မကြာခင်ထွက်

တော့မယ်ဆိုတာ ခင်ဗျားတို့ သံသယရှိသေးသလား...။ (မရှိပါဘုရား)။

အရဟတ်တက်ပြီးသည်၏ အခြားမဲ့၌ နေမှထွက်ပါ့မလားလို့ ဒီသံသယ လာသေးသလား...။ (မလာပါဘုရား)၊ ဘာ့ကြောင့် မလာပါလိမ့်ဗျာ...(အရဟတ်တက်လာလို့ပါ)၊ အရဟတ်တက်လာတာက နေ၏တံဆိပ်...(မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ အရဟတ်တက်လာတာက ဘာပါလိမ့်...(နေ၏တံဆိပ်ပါဘုရား)။

နေ၏တံဆိပ်ဆိုတော့ ဩော်...နေ့အောက်မှာ ရှိနေတယ်၊ နေဟာ မမြင်ကွယ်ရာရှိနေတယ်၊ တို့အရဟတ်သာ မြင်ရသေးတယ်ဆိုတာက မရှင်းလား...။ (ရှင်းပါတယ်ဘုရား)။

## ယနေ့ နေထွက်မည့် နေ့

ထိုကဲ့သို့ ရှင်းသွားတဲ့အခါကျတော့ ဒကာ ဒကာမတို့ ယနေ့ နေထွက်မည့်နေ့ပဲ ဆိုတာကို အရဟတ်မြင်သဖြင့် သိလိုက်ပါ...။ (မှန်ပါ့)၊ ယနေ့ နေထွက်မည့်နေ့ပဲဆိုတာ ဘာမြင်သဖြင့် သိရမယ်...။ (အရဟတ်မြင်သဖြင့် သိရပါမယ်)၊ အရဟတ်ကို မြင်သဖြင့် သိရမယ်ဆိုတာ သဘောပါကြပလား...(ပါ၊ ပါပြီ)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

အဲဒီတော့ နာမရူပ ပရိစ္ဆေဒကျမ်းက ဥဂ္ဂစ္ဆတိ (ပ) တထား၊ နေထွက်မယ်ဆိုလို့ရှိရင် အရုဏ်ဟာ အရင်တက်တယ်ကွ၊ ဒီ ပါဠိက ဒါပဲ ဦးခင်မောင် နော်...(မှန်လှပါဘုရား)။

ဒကာ ဒကာမတို့ဟာ...တဲ့၊ နိဗ္ဗာန် လိုချင်လို့ရှိရင်လဲ ဝိပဿနာ ပုရေစာရိကွ၊ ဝိပဿနာ ရှေ့ပိုင်းက ရှုနေ၊ ဝိပဿနာသာ အခုပြောတဲ့ ဖြစ်ပျက်တွေကိုသာ ရှုနေ၊ ဒကာဒကာမတို့ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဝိပဿနာ ဖြစ်ပျက်ရှုနေတာသည်–တဲ့၊ ခင်ဗျားတို့ အရုဏ်တက်နေတာလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)၊ ဝိပဿနာရှုနေတာ ဘယ်လို မှတ်ကြမယ်...။ (အရုဏ်တက်နေတာပါဘုရား)။

**ဝိပဿနာရှုတာ အရုဏ်တက်နေတာ**

ဒါဖြင့် အရုဏ်တက်လို့ရှိရင်ဖြင့် ဝိပဿနာရှုနေတာသည် ဦးခင်မောင်ရေ...အရုဏ်တက်နေတာနဲ့တူတယ်..."
(မှန်ပါ့)၊ ဝိပဿနာ ပုရေစာရိကွ၊ ဝိပဿနာကို ရှေ့ထားရမယ်၊ မဂ္ဂဓမ္မော ပဝတ္တတိ၊ ဝိပဿနာဟာ ရှုနေလို့ရှိရင်ကွာ... တဲ့၊ ဝိပဿနာရှုတဲ့ မဂ်, ပဉ္စင်္ဂိက မဂ်ဆိုတဲ့ အင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့ မဂ်လာလို့ရှိရင်ဖြင့် နောက်အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့

သောတာပတ္တိမဂ်ဟာ အလိုလိုဖြစ်တာပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)။

ဒါဖြင့် မဂ္ဂင်ငါးပါးနဲ့ ဝိပဿနာရှုနေရင်ဖြင့် မဂ္ဂင်ရှစ်ပါး ဖြစ်ရပါလို၏လို့ ဆုတောင်းရမှာလား၊ အရဏ်တက်လို့ နေထွက်လာမှာနဲ့ အတူတူပါပဲလား...။ (အရုဏ်တက်လို့ နေထွက်လာမှာနဲ့ အတူတူပါပဲဘုရား)။

ဩော်...အင်မတန် အားရှိစရာ ကောင်းပါကလား ဆိုတာ ဒကာသစ်တို့၊ ကိုမြွှေတို့ ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ ဦးခင်မောင် ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ကိုင်း...မောင်ထွန်းလှိုင်ရေ၊ တို့ ဘာလုပ်ကြမယ်... (ဝိပဿနာ ရှုရပါမယ်)၊ ဝိပဿနံ ဘာဝေတဗ္ဗံ...ဆိုတဲ့အတိုင်း ဝိပဿနာသာ ရှုနေ...။ (မှန်ပါ့ဘုရား)၊ ဒကာ ဒကာမတို့ ဘာလုပ်နေရမယ်...(ဝိပဿနာသာ ရှုနေရပါမယ်ဘုရား)၊ ရှုရင်းမတ္တနဲ့ပဲ အရုဏ်လဲ တက်ပေါ့တဲ့၊ ဒကာ ဒကာမတို့ နေထွက်ဖို့ရာ မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

## သောတာပတ္တိမဂ် မရ မရှိဘူး

အဲ...ဝိပဿနာမဂ် ငါးခုသာရလို့ရှိရင်ဖြင့် ဦးခင်မောင်ရေ၊ မဂ္ဂင်ရှစ်ပါးဆိုတဲ့ သောတာပတ္တိမဂ် မရ,မရှိဘူး...တဲ့...။ (မှန်လှပါဘုရား)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာ ရှေ့သွားလို့ရှိရင်ဖြင့် လောကုတ္တရာမဂ် ရထိုက်, မရထိုက်...(ရ,ထိုက်ပါတယ်ဘုရား)၊ အဲဒီတော့ ပါရမီတွေ ဘာတွေကို စောင့်မနေပါနဲ့တော့၊ ဒကာဒကာမတို့ ဝိပဿနာ ရှုသာနေပါ၊ အရဏ်တက်နေတာပါပဲ...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

ဝိပဿနာရှုနေတာသည် ဝိပဿနာမဂ် ပေါ်မနေသေးဘူးလား...။ (ပေါ်နေပါတယ်ဘုရား)၊ ဝိပဿနာမဂ် ရင့်ကျက်လာလို့ရှိရင် ဘာဖြစ်မယ်ထင်ကြမလဲ...။ (နေထွက်တာနဲ့တူပါတယ်ဘုရား)၊ နေထွက်တာနဲ့တူတဲ့ လောကုတ္တရာမဂ် ဖြစ်မယ်...။ (မှန်ပါ့ဘုရား)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ)၊ ဝိပဿနာမဂ် ရင့်လာရင်...(လောကုတ္တရာမဂ် ဖြစ်ပါမယ်ဘုရား)၊ ဆုတောင်းလို့ ရတာလား...တဲ့၊ အရဏ်တက်လို့ နေထွက်လာတာပဲလား...။ (အရဏ်တက်လို့နေထွက်လာတာပါဘုရား)။

ဒါ့ကြောင့် "ဝိပဿနံ ပုရေက္ခိတွာ၊ မဂ္ဂဓမ္မော ပဝတ္တတိ" ဝိပဿနာသာ ရှေ့သွားလို့ ရှိရင်ဖြင့်ကွာ...တဲ့၊ မဂ်,သေသေချာချာရတာပါပဲ...။ (မှန်ပါ့)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးက ဒကာ ဒကာမတွေ ဆုပေးလိုက်တယ်၊ ဦးခင်မောင်တို့ ကြားမှာပေါ့ဗျာ၊ သီလပေးခါနီး

ကန်တော့ကြစို့လို့ ဦးလှအောင် ဆိုတဲ့အခါ ဘုန်းကြီးက ဆုပေးလိုက်တယ်၊ မပေးဘူးလား...။ (ပေးပါတယ် ဘုရား)။

ဘယ်လို ပေးလိုက်သတုံးဆိုလို့ရှိရင် ဒကာ ဒကာမ တို့ သိတဲ့အတိုင်းပဲ၊ မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာ ဉာဏ်သည် ဆိုတာ ဒါကို ဆိုတာ...။ (မှန်လှပါဘုရား)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

**ဝိပဿနာသာ အားထုတ်ပါ**

မိမိတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် ဆိုတာ ခင်ဗျားတို့ အားထုတ်တဲ့ ဝိပဿနာဉာဏ် မဂ္ဂင် ငါးပါးကို ဆိုနေတာ...။ (မှန်ပါ)၊ လျင်မြန်စွာ မဂ်ဉာဏ်ကို ကျေးဇူးပြု၍ဆိုတာ သူကနေပြီး အားသာထုတ်တဲ့၊ ရှစ်ပါး ဖြစ်လာလိမ့်မယ်...။ (မှန်ပါဘုရား)။

ရှစ်ပါးဖြစ်ရင် အပါယ်လေးပါး ပိတ်သွားတာပဲ...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ)၊ ရှစ်ပါးသာ ဖြစ်ရင် အပါယ်လေးပါး တံခါး ဘယ့်နှယ်နေမလဲ... (ပိတ်ပါတယ်ဘုရား)၊ မပိတ်ပါနဲ့ဆိုလို့ ရသေးရဲ့လား...။ (မရပါဘုရား)။

## အလိုလို လာပါလိမ့်မယ်

အဲဒါကြောင့် ခင်ဗျားတို့ ဝိပဿနာသာ ကြိုးစားပါတဲ့၊ သောတာပတ္တိမဂ် အလိုလိုလာပါလိမ့်မယ်...။ (မှန်ပါ)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီ)၊ ဝိပဿနာမဂ်သာ... (ကြိုးစားပါဘုရား)၊ ကြိုးစားရင် ဘာမဂ်လာမယ်... (သောတာပတ္တိမဂ် လာပါမယ်ဘုရား)။

အဲ...သကဒါဂါမိမဂ် လာချင်ပြန်တော့လဲ ဝိပဿနာပဲ ရှေ့သွားရမှာပဲ၊ နောက်မဂ် ဘာမဂ်လာမယ်...(သကဒါဂါမိမဂ် လာပါမယ်ဘုရား)၊ အနာဂါမ်ဖြစ်ချင်ပြန်တယ်ဆိုတော့ ရှေ့က ဘာရှေ့ထားရမတုံး...။ (ဝိပဿနာမဂ်ပါဘုရား)၊ ဝိပဿနာမဂ်ပဲ ရှေ့ထားရမှာပဲ၊ သဘောကျပလား...။ (မှန်ပါ)၊ နောက် ဘာမဂ်ဖြစ်မလဲ... (အနာဂါမိမဂ်ဖြစ်ပါတယ်)၊ ရှင်းပြီနော်...။ (မှန်ပါ)၊ ရဟန္တာဖြစ်ချင်ပြန်တယ်ဆိုတော့ ဘာရှေ့ထားရမယ်...(ဝိပဿနာမဂ် ရှေ့ထားရပါမယ် ဘုရား)။

## ဝိပဿနာပဲ ရှေ့ထားရမယ်

ဝိပဿနာမဂ်ပဲ ရှေ့ထားရမယ်၊ နောက်ကျတော့ ဘာလာမယ်...(အရဟတ္တမဂ်လာပါမယ်)၊ အရဟတ္တမဂ် လာမယ်ဆိုတာ မသေချာဘူးလား...။ (သေချာပါတယ်)၊ ဝိပဿနာ ရှုရမှာပဲ၊ ဝိပဿနာ ရှေ့ထားရမှာပဲ...။ (မှန်ပါ)၊

ရှင်းပလား...။ (ရှင်းပါပြီ)၊ နောက် ဘာဖြစ်မယ်ထင် သတုံး...။ (အရဟတ္တမဂ်ပါ)၊ အရဟတ္တမဂ်လာမှာပဲဆိုတာ ကော သေချာပလား...။ (သေချာပါတယ်)။

ကဲ...ဘုရားဖြစ်ချင်ပါသတဲ့၊ ဘာလုပ်ဦးမတုံး...။ (ဝိပဿနာရှုရပါမယ်)၊ ဝိပဿနာမဂ်ပဲ ရှေ့ထားရဦးမှာ ပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ ပြီးတော့ ကော ဘုရား ဆိုတော့ သဗ္ဗညုတဉာဏ်ဆိုတဲ့ ဘုရား ကိုယ် တော်မြတ်ကြီး ဖြစ်လာဖို့ သဗ္ဗညုတဉာဏ်တွေရော, ဘာတွေ ရော အပြည့်အစုံ ရလာမှာပေါ့ဗျာ၊ မရပေဘူးလား...။ (ရပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့ အဓိကထားလုပ်ရမယ့်အလုပ် ဘယ် အလုပ်ပါလိမ့်မတုံးဆိုတာ ဒီတစ်ပွဲလုံးမှာဖြင့် ဒကာ ဒကာမ တွေ သေသေချာချာမှတ်တော့ ပေါ်သွားမယ် ။ (ပေါ် ပါတယ်ဘုရား)၊ ဘာရှေ့ထားလုပ်ရမလဲ...(ဝိပဿနာမဂ် ရှေ့ထားလုပ်ရပါမယ်)၊ သူ မပါဘဲနဲ့ လောကုတ္တရာမဂ်က ဘယ်တော့မှ ပေါ်လိမ့်မယ်လို့ မယူပါနဲ့တဲ့...။ (မှန်ပါ့)၊ အရုဏ်မတက်တဲ့နေ့ဟာ နေမထွက်တော့ပါဘူး...။ (မထွက် ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ကိုမြရွှေ...ဘယ့်နှယ်တုံး...။ (အရုဏ်မတက်တဲ့နေ့ဟာ နေမထွက်ပါဘုရား)၊ အရုဏ် မတက်တာ နေထွက်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ဟာ ဘယ့် နှယ်လဲ...။ (မရှိပါဘုရား)၊ ဘယ်နည်းနဲ့ မျှော်လင့်ချက်

ထားလို့ကော ထွက်မှာကော ဟုတ်ပါရဲ့လား…။ (မဟုတ်ပါဘုရား)။

**ဝိပဿနာရှုဖို့အရေးဟာ အရေးအကြီးဆုံး**

ဒါဖြင့် ဒကာ ဒကာမတို့ ဒီအဲရေးသည်ကားလို့ဆိုလို့ရှိရင်ဖြင့် အကြီးဆုံးအရေးဟာ…ဝိပဿနာရှုဖို့အရေး…(မှန်ပါ)၊ ဘာအရေးပါလိမ့်…(ဝိပဿနာရှုဖို့ အရေးပါပါဘုရား)၊ ဝိပဿနာရှုဖို့အရေးဟာ ခင်ဗျားတို့အရေး၊ မဂ်ပေါ်ဖို့အရေးဟာ ဝိပဿနာရင့်လာရင် ပေါ်မှာပဲ…။ (မှန်ပါ)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

ဝိပဿနာမဂ် ပေါ်လာလို့ရှိရင်ဖြင့် နောက်ဆုံးမှာ လောကုတ္တရာမဂ်က တောင့်တရတာလား…တဲ့၊ ရင့်လို့ပေါ်လာတာလား…။ (ရင့်လို့ပေါ်လာတာပါ)၊ ဒီအသီးမျိုးသီးသာသီးပါစေ ဒကာ ဒကာမတို့၊ ရင့်ဖို့ရာ ဒီသရက်သီးက လုပ်သွားမှာပဲ…။ (မှန်ပါ)။

သရက်သီးငယ်က သရက်သီးကြီးဖြစ်အောင် မလုပ်ပေဘူးလား…။ (လုပ်ပါတယ်ဘုရား)၊ သရက်သီးသီးဖို့သာ အရေးကြီးတယ်ဆိုတာ သဘောပါပလား…။ (ပါ,ပါပြီဘုရား)။

## ဝိပဿနာမဂ် ပေါ်ဖို့သာ အရေးကြီးတယ်

ဒီမှာလဲ ဝိပဿနာမဂ်ပေါ်ဖို့သာ ခင်ဗျားတို့သန္တာန် အရေးကြီးတယ်…။ (မှန်ပါ)၊ နိဗ္ဗာန်ရဖို့က ဒီလောက်အရေး မကြီးဘူး…။ (မကြီးပါဘုရား)၊ မဂ်ရဖို့ရာကော…(ဒီလောက် အရေးမကြီးပါဘုရား)၊ ဝိပဿနာမဂ် ပေါ်ဖို့ရာတော့… (ကြီး ပါတယ် ဘုရား)။

ဒါဖြင့် သရက်သီးမျိုးစေ့လုံးက အပင်ပေါ်မှာ မသီးလို့ ရှိရင်ဖြင့် ဒကာ ဒကာမတို့ ရင့်ဖို့၊ မှည့်ဖို့၊ သရက်သီး စားဖို့ ဆိုတဲ့ အလုပ်ဟာ ဝေးပါသေးရဲ့…။ (ဝေးပါတယ်)၊ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား…။ (ဆိုထိုက်ပါတယ် ဘုရား)၊ သဘောကောင်းကောင်းပါကြပလား…။ (ပါ,ပါပြီ ဘုရား)။

ဒါဖြင့် ဒီလို လုပ်ကြပေတော့…တဲ့၊ ဒကာ ဒကာမတို့ ဝိပဿနာ ရှုကြပါစို့ ဆိုတော့…ခုနက ချုံးလိုက်တော့ ဝိပဿနာမှာ ၂,ရှိသလား၊ ၁,ရှိသလား၊ ချုံးနိုင်သမျှ ချုံးလိုက် တော့…(၁,ရှိပါတယ်)၊ ၁,ပဲ ကျန်တော့တယ်…။ (မှန်လှ ပါ)၊ ဒကာ ဒကာမတွေ ဘာကျန်သလဲ…(၁,ပဲ ကျန်ပါ တယ်)၊ ၁,ဆိုတာ ဘာပါလိမ့်…(အနိစ္စပါဘုရား)၊ အနိစ္စ ဆိုတာ မြန်မာလို ပြန်လိုက်…(မမြဲတာ)၊ ဖြစ်ပြီးပျက်တာ ဘာခေါ်ကြမလဲ…(မမြဲတာပါဘုရား)။

အဲ…ဖြစ်ပြီးပျက်တဲ့ အနိစ္စ တစ်လုံးကို ခင်ဗျားတို့ ရုပ်ကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ ရုပ်ကို ရှုပါ၊ ဝေဒနာကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ…(ဝေဒနာရှုပါဘုရား)၊ စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်… (စိတ်ရှုပါ)၊ ရှင်းပြီနော်…။ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဓမ္မာနုပဿနာ သစ္စာကြိုက်တဲ့ ပုဂ္ဂိုလ်က…(သစ္စာရှုပါ)၊ သစ္စာဆိုတော့ ဒကာ ဒကာမတို့ ရှုတော့ ဒီငါးလုံးနဲ့ပဲ ရှုရမှာပဲ…။ (မှန်ပါ့)၊ ပေါ်ကြပလား…။ (ပေါ်ပါပြီ)၊ ရှုတော့ ဘယ်နှစ်ခုနဲ့ ရှုရမလဲ…(ငါးလုံးနဲ့ ရှုရမယ်)၊ ငါးလုံး ရင့်ကျက်လာရင် ဘာဖြစ်မယ် ထင်ကြသတုံး…။ (ရှစ်ခုဖြစ်ပါမယ်)၊ ရှစ်ခုဖြစ်မယ်ဆိုတာ သေချာပါတယ်…။ (မှန်ပါ့)၊ ငါးလုံးရင့်ရင်…(ရှစ်ခုဖြစ်ပါမယ်ဘုရား)၊ ရှစ်ခုဖြစ်မယ်ဆိုတာ မသေချာဘူးလား…။ (သေချာပါတယ်ဘုရား)။

## နတ်ရွာ သုဂတိ သောတာပန်

အဲ…ခင်ဗျားတို့ ရှင်းရှင်းပြောလိုက်ပါမယ်၊ ငါးခုနဲ့ ဒီဘဝသေရင် နတ်ရွာသုဂတိရောက်မယ်…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီဘုရား)၊ ငါးခု ရှုရင်းမတ္တနဲ့ သေသွားရင်…(နတ်ရွာသုဂတိရောက်ပါမယ်)၊ နတ်ရွာသုဂတိ ရောက်သည်နဲ့တစ်ပြိုင်နက်တည်း သောတာပန် တည်ရ

မယ်…။ (မှန်ပါ)၊ ငါးခုနဲ့ သေတာတောင်မှ အရှုံးမရှိပါဘူး…။ (မှန်ပါ)၊ သဘောကျပလား…။ (ကျပါပြီဘုရား)။

**သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ**

ရှစ်ခုနဲ့ သေလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ လူ့ပြည်တွင်ပဲ ရှစ်ခုနဲ့ အားထုတ်ပြီး သေမယ်ဆိုလို့ရှိရင်ဖြင့်…တဲ့၊ လူ့ပြည်မှာ ဒကာ ဒကာမတို့ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်နိုင်ပါသေးတယ်…။ (မှန်ပါ)၊ သဘောကျပလား…။ (ကျပါပြီဘုရား)၊ လူ့ပြည်တွင်ပဲ ရဟန္တာဖြစ်ပြီး ဇာတ်သိမ်းရုံပါပဲ…။ (မှန်ပါ)၊ တစ်ခုပြီးရင် အလွယ်ကလေးပါ၊ နောက်ဟာတွေက ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ငါးလုံးမဂ်သည် သုဂတိရောက်ပြီးမှ သောတာပန်တည်မယ်…။ (မှန်ပါ)၊ ရှစ်လုံးမဂ်သည် ရပြီး သောတာပန် တည်မယ်လို့ မှတ်ပါ၊ သဘောကျပလား…။ (ကျပါပြီ)၊ ငါးလုံးမဂ်သည် နတ်ရွာရောက်မှ ဘာတုံး… (သောတာပန်တည်ပါမယ်)၊ ရှစ်လုံးမဂ်သည် လူ့ပြည် တွင်…(သောတာပန်တည်ပါမယ်ဘုရား)။

ကဲ…ဦးခင်မောင် ဟိုကျမှ တည်တာကြိုက်သလား…၊ ဒီက တည်တာ ကြိုက်သလား…။ (ဒီက တည်တာ ကြိုက်ပါတယ်ဘုရား)၊ အလိုဆန္ဒလာပုံက အသန်ကြီးပါကလား၊ ခင်ဗျားတို့ မလုပ်မှာ စိုးရိမ်နေတယ်နော်…ဟုတ်လား။

ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့...အလိုဆန္ဒပြည့်ရန် ဆိုလို့ရှိရင်ဖြင့်၊ ငါးခုကို အဓိကထားပြီး ရှုလို့ရှိရင်ဖြင့် ငါးခုက ရှစ်ခု ဖြစ်ပါစေသတည်းဟု ဆုတောင်းရတာလား...။ (မတောင်းရပါဘုရား)၊ ငါးခု ရင့်သန်တော့ ဘာဖြစ်လာသလဲ...။ (ရှစ်ခုဖြစ်လာပါတယ်)၊ ငါးခုရင့်လာတာနဲ့ ရှစ်ခုဖြစ်တယ်ဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အလုပ်သည် မဂ္ဂင်ငါးပါးပေါ်တဲ့အလုပ်...(မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီ)၊ ဘာအလုပ်ပါလိမ့်...။ (မဂ္ဂင်ငါးပါးပေါ်တဲ့အလုပ်ပါဘုရား)၊ မဂ္ဂင်ငါးပါးလို့ ဆိုတာကလဲ သူ့အလိုလိုပေါ်တဲ့တရားတော့ မဟုတ်ပါဘူး...။ (မှန်ပါ့)၊ ဒကာ ဒကာမတို့ ထပ်ပြောမယ်၊ သတိထားပါ...။ (မှန်ပါ့)၊ မဂ္ဂင်ငါးပါးဟာ အလိုလိုပေါ်တဲ့ တရားလား၊ အားထုတ်မှ ပေါ်တဲ့ တရားလား...။ (အားထုတ်မှ ပေါ်တဲ့ တရားပါဘုရား)။

**ဖြစ်ပျက်ရှုမှ ငါးပါး ပေါ်တယ်**

ဟောဒီက ဖြစ်ပျက်တစ်ခုခုနဲ့မှ ဂရုစိုက်မှသာလျှင် ဒီငါးပါးပေါ်တယ်...။ (မှန်ပါ့)၊ ဖြစ်ပျက်ရှုမှ ငါးပါးပေါ်ပါတယ်...။ (မှန်ပါ့)၊ ရိပ်မိပြီနော်...။ (ရိပ်မိပါပြီ)၊ ဖြစ်ပျက်

ရှုမှ...(ငါးပါးပေါ်ပါတယ်)၊ ဖြစ်ပျက်ရှုမှ...(ငါးပါးပေါ်ပါတယ်)၊ နို့မို့ရင် ဒီမဂ္ဂင် ပေါ်နိုင်ပါ့မလား...။ (မပေါ်နိုင်ပါဘုရား)၊ မပေါ်နိုင်ဘူးတဲ့၊ ဒကာ ဒကာမတို့ ဖြစ်ပျက်ရှုမှ ဘာပေါ်တုံး...။ (ငါးပါးပေါ်ပါတယ်)၊ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

ကိုင်း...ဖြစ်ပျက်ရှုမှ ငါးပါးပေါ်မယ်ဆိုတော့ ဪ... အနိစ္စမမြင်ဘဲနဲ့ လောကီမဂ္ဂင်ကော မဝင်ပါဘူးဆိုတာ သေသေချာချာမှတ်ပါ...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

ကဲ...ဒါဖြင့် ဒကာ ဒကာမတို့ ဒီတရားဟာ ဝတ္ထုကလေးတစ်ခု ထုတ်လိုက်ပါမယ်တဲ့၊ ဒကာ ဒကာမတို့ ဝတ္ထုကလေးတစ်ခု ထုတ်လိုက်ပါမယ်၊ ဒကာ ဒကာမတို့ သေချာသွားအောင်လို့...။ (မှန်ပါ့)၊ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ဦးခင်မောင် သေသေချာချာ မှတ်စမ်း၊ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ တေဝိဇ္ဇဝစ္ဆသုတ်ဆိုတာ ရှိတယ်...။ (မှန်ပါ့ဘုရား)။

**ဝစ္ဆ ပရိဗိုဇ်**

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးပြီးသကာလနေတုန်း အဲဒီ ဝစ္ဆအနွယ်ဖြစ်တဲ့ ဝစ္ဆပရိဗိုဇ်က ကေပုဏ္ဏရိက ဆိုတဲ့ သရက်ဖြူပင်ကြီးနဲ့ သူ့ကမ္မဋ္ဌာန်းကျောင်းမှာ သူ နေပါတယ်တဲ့။

သရက်ဖြူပြင်ရှိတဲ့ သုံ့ကမ္ဗဒ္ဒါန်းကျောင်းတွေမှာ သူနေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရာဇဂြိုဟ်ပြည် ဆွမ်းခံသွားတယ်၊ စောပါသေးတယ်လေ၊ ဝစ္ဆဆီ ဝင်ပါဦးမယ် ဆိုပြီး ဝင်တယ်၊ စောပါသေးတယ်ဆိုပြီး ဝစ္ဆဆီ ဝင်လိုက်ပါတယ်၊ ဝစ္ဆဆီ ဝင်တော့ ဝစ္ဆက အရှင်ဘုရား ထိုင်တော်မူပါဦး၊ လာတော်မူပါဦး၊ ကြွတော်မူပါဦး၊ ခုမှပဲ တပည့်တော်တို့ဆီမျာ အလှည့်ကျတော့တယ်နဲ့ နေရာပေး လိုက်တယ်။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ကောင်းကောင်း မွန်မွန်ထိုင်ပြီးသကာလ အသက်ထက်ဆုံး အောက်မေ့တတ်တဲ့ စကားတွေကို တစ်ဦးနဲ့တစ်ဦး နှုတ်ဆက်ကြပြီးသကာလ ပြောဆိုနေကြတယ်။

ဒီ ကြုံတဲ့ခါမှာ အရှင်ဘုရားတဲ့၊ ဝစ္ဆက မေးပါရစေတဲ့၊ အရှင်ဘုရားသည် အလုံးစုံသော တရားတွေကို သိတယ်၊ အလုံးစုံသော တရားတွေကို မြင်တယ်၊ အိပ်နေလဲ မြင်တာပဲ၊ သွားနေလဲ မြင်တာပဲ၊ စားနေလဲ မြင်တာပဲလို့ အားလုံးက ပြောနေကြတယ်၊ အဲဒါ အရှင်ဘုရား...ဟုတ်ပါရဲ့လား။

ဒကာ ဒကာမတို့ ဟဏ္ဍာားက မေးတာနော်...။ (မှန်ပါ့)၊ ဝစ္ဆအနွယ်ဖြစ်တဲ့ ပရိဗိုဇ်က မေးတယ် ဆိုပါတော့။

အရှင်ဘုရား...တဲ့၊ အရှင်ဘုရား၏ဂုဏ်ဟာ သိပ်ပြီး

သတင်းကြီးပါတယ်တဲ့၊ ဘယ်လိုကြီးသတုံးဆိုတော့ ရှင်ကြီး ဂေါတမဟာ အိပ်နေလဲ အလုံးစုံ အကုန်မြင်တာပဲ၊ လောက ကြီးထဲမှာ သွားနေလဲ မြင်တာပဲ၊ စားနေလဲ မြင်တာပဲ၊ အမြော်အမြင်တွေဟာ ဘယ်အချိန်မဆို အမြင်ရှိပြီးသကာလ နေတာပဲလို့ ပြောကြပါတယ်။

အဲဒါဟာ မှန်ရာကို ပြောတာလား၊ မတရားသဖြင့် စွပ်စွဲတာလားလို့ ပုဏ္ဏားက မေးတယ်၊ ဘယ်သူက မေးတာ ပါလိမ့်...။ (ဝစ္ဆပရိဗိုဇ်က မေးတာပါ)။

ဝစ္ဆက မေးလိုက်တာ၊ မေးလိုက်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါ့ကို ဒီဥစ္စာ မတရားသဖြင့် စွပ်စွဲ တာပါကွာ၊ သဘောကျပလား...။ (ကျပါပြီ)၊ ဘာတဲ့တုံး...။ (မတရားသဖြင့် စွပ်စွဲတာ)။

မတရားသဖြင့် စွပ်စွဲတာတဲ့၊ ဒီဥစ္စာ စားနေလဲ သိတယ်၊ အိပ်နေလဲသိတယ်၊ ထိုင်နေလဲ သိတယ်၊ ဒကာ ဒကာမတွေ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အမှန်ဖြေ လိုက်တော့ ငါ့ကို မတရားသဖြင့် စွပ်စွဲတာလို့ မပြောလိုက် ဘူးလား...။ (ပြောလိုက်ပါတယ်)။

**တေဝိဇ္ဇပုဂ္ဂိုလ်လို့ မှတ်ပါ**

ဒါဖြင့် ဘုရားတဲ့၊ အရှင်ဘုရားဟာ အခုပြောတဲ့ အဓိပ္ပါယ်တွေမှ မရှိလို့ရှိရင် အရှင်ဘုရားကို တပည့်တော်

တို့က ဘယ်လို မှတ်ရမှာတုံး…တဲ့၊ ငါ့ကို မှတ်ချင်လို့ရှိရင် တေဝိဇ္ဇပုဂ္ဂိုလ်လို့ မှတ်လိုက်ကွ…တဲ့၊ ဒကာ ဒကာမတွေ ဘယ်လိုမှတ်လိုက်တဲ့လဲ…(တေဝိဇ္ဇပုဂ္ဂိုလ်လို့ မှတ်ပါတဲ့)၊ တေဝိဇ္ဇပုဂ္ဂိုလ်လို့ မှတ်လိုက်စမ်းပါတဲ့။

အဲဒါ…ဆိုသဖြင့် ငါဟာ ငါ့ကိုယ်နဲ့ငါ ကိုက်တယ်ကွ…တဲ့၊ တေဝိဇ္ဇပုဂ္ဂိုလ်ဆိုတာ ငါဟာ ဒိဗ္ဗစက္ခုရတယ်လို့ မှတ်၊ သဘောကျပလား…။ (မှန်ပါ့)၊ ပုဗ္ဗေနိဝါသဉာဏ်လဲ ငါ ရတယ်လို့ မှတ်၊ အာသဝက္ခယဉာဏ်လဲ ရတယ်လို့ မှတ်…။ (မှန်ပါ့)။

ဒါ…ဝိဇ္ဇာသုံးပါး၊ ရှင်းကြပလား…။ (ရှင်းပါပြီ)၊ တေဝိဇ္ဇပုဂ္ဂိုလ်ဆိုလို့ရှိရင် ငါ့ကို ချီးမြှောက်တဲ့သဘောနဲ့ ငါ့အရှိနဲ့ ကိုက်သကွ၊ သဘောကျပလား…။ (ကျပါပြီ ဘုရား)။

ဒါဖြင့်…ဘုရားဟာဝိဇ္ဇာဘယ်နှစ်ပါးနဲ့ ပြည့်စုံသလဲ…။ (သုံးပါးနဲ့ ပြည့်စုံပါတယ်)၊ အဲ…ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်၊ အာသဝက္ခယအဘိညာဉ်၊ ဘယ်နှစ်ခုနဲ့ ပြည့်စုံပါလိမ့်…။ (သုံးခုနဲ့ ပြည့်စုံပါတယ် ဘုရား)။

အဲဒီလိုဆိုလို့ရှိရင်ဖြင့် အဲဒါ ငါ့နာမည်နဲ့ သူတို့ ချီးမွမ်းတာနဲ့ တေဝိဇ္ဇပုဂ္ဂိုလ်ကြီး၊ တေဝိဇ္ဇပုဂ္ဂိုလ်ကြီးဆိုရင် ဖြင့် ကိုက်သဟေ့…။

ခုနက ပြောသလိုပဲ၊ ရှင်ကြီးဂေါတမဟာ ဉာဏ်အမြင် အင်မတန်ကြီးတယ်၊ အိပ်နေလဲ သိတယ်၊ သွားနေလဲ သိတာပဲ၊ စားနေလဲ သိတာပဲဆိုတာဟာ ငါ့ကို မတရား သဖြင့် စွပ်စွဲတာပဲ၊ အဲဒီတော့ ငါ မသိဘူးတဲ့...။ (မှန်ပါ့)၊ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

ဆင်ခြင်ရင်တော့ သိတာပေါ့ ဒကာ ဒကာမတို့၊ အိပ်နေတဲ့ ဥစ္စာဟာ ဘဝင်စိတ်နဲ့ အိပ်နေတာ၊ ဘာသိစရာ များ ရှိသေးသတုံး ...။ (မရှိပါဘုရား)၊ ရှိနိုင်ပါ့မလား...။ (မရှိနိုင်ပါဘုရား)။

အဲဒီတော့ ချီးမြှောက်လွန်းလို့ အဲဒီ ဂုဏ်တွေကတော့ ငါ့ဂုဏ်မဟုတ်ဘူးလို့ ဘုရားက ပယ်ချလိုက်တယ်ဆိုတာ ဒကာ ဒကာမတွေ ကောင်းကောင်း ရိပ်မိသွားကြပလား...။ (မှန်ပါ့ဘုရား)၊ ဒီတရား ဟောချင်လို့ မဟုတ်ပါဘူးတဲ့၊ ဒါက ဗဟုသုတအတွက် ဟောရတာပါ၊ ဒါက ဒကာ ဒကာမတို့ ဗဟုသုတအတွက် ဟောတာဆိုတာ သေချာ ပလား...။ (သေချာပါပြီ)၊ နောက် ပုဏ္ဏား ဆက်မေးတာ နားထောင်၊ နောက် ပုဏ္ဏားက ဆက်မေးတယ်။

ဒီတွင် ဝစ္ဆပရိဗိုဇ်က ဆက်ပြီး မေးတော့တယ်၊ ဘယ်လို မေးလိုက်သတုံး၊ ရှင်ကြီးဂေါတမ...တဲ့၊ ခုလို ကြုံတဲ့ အခါမှာ တပည့်တော်တို့ မသိတာတွေကလဲ အကုန်လိုလို

ဖြစ်နေတော့ မသိတာ မေးပါရစေ၊ မသိတာ မေးပါရစေ ပြောတော့ ရှင်ကြီးဂေါတမ…၊ လူများဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလား၊ ဒကာ ဒကာမတို့ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန် ရောက်နိုင်ပါ့မလားလို့ ဝစ္ဆပရိဗိုဇ်က မေးတယ်…။ (မှန်ပါ့)။

## လူဟာ လူ့သံယောဇဉ်မစွန့်ဘဲ နိဗ္ဗာန်ရောက်နိုင်ပါ့မလား

ဒါ ကြပ်ကြပ်မှတ်ထားပါ၊ ဒီအဓိပ္ပါယ်ဟာ ဒကာ ဒကာမတို့ အင်မတန် ငြ ဂှိုက်ခဲတယ်၊ ဘုရားတစ်ဆူ တစ်ဆူ ပွင့်မှ တစ်ခါလောက် ဖြေတဲ့ အဓိပ္ပါယ်နော်…။ (မှန်ပါ့)၊ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက် နိုင်ပါ့မလားလို့ မေးလိုက်တယ်၊ သဘောကျပလား…။ (ကျပါပြီ)၊ ဘာတဲ့တုံး၊ ခင်ဗျားတို့ ေးကြည့်စမ်း…။ (လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလား)။

လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့ မလားလို့ ဝစ္ဆပရိဗိုဇ်က မေးလို့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဖြေလိုက်ပါတယ်၊ ဦးခင်မောင် သေသေချာချာ မှတ်ပါ…။ (မှန်ပါ့ဘုရား)။

## လှူ့သံယောဇဉ် မစွန့်ရင် နိဗ္ဗာန် မရ

လှူဟာ လှူ့သံယောဇဉ် မစွန့်ဘဲနဲ့တော့ နိဗ္ဗာန်မရဘူး ကွ၊ ဖြေပြီ...။ (မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ၊ပါပြီ)၊ ဘယ်လိုဖြေလိုက်ပါလိမ့်...။ (လှူဟာ လှူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်မရပါ)၊ နိဗ္ဗာန်မရနိုင်ဘူး၊ ဒကာ ဒကာမတို့ အင်မတန် အကွက်ကျတယ်နော်၊ မေးပုံအကွက် မကျဘူး လား...။ (ကျပါတယ်ဘုရား)၊ ပထမ ဘယ်လို မေးလိုက် သတုံး...။ (လှူဟာ၊ လှူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက် နိုင်ပါ့မလား...တဲ့)။

လှူဟာ လှူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက်နိုင် ပါ့မလားဆိုတော့ ဘုရားက ဘယ့်နှယ် ဖြေလိုက်ပါလိမ့်...။ (လှူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်မရောက်နိုင်ပါဘုရား)။

မရောက်နိုင်ဘူးဆိုတော့ ခင်ဗျားတို့ထဲမှ တစ်ယောက်မှ နိဗ္ဗာန်ရောက်မည့်သူ မပါဘူးလို့ ယူချင်လဲ ယူကြရော့... (မှန်ပါ့ဘုရား)၊ မယူရပေဘူးလား...။ (ယူရပါမယ်)၊ ကိုယ့် သံယောဇဉ်နဲ့ ကိုယ်နဲ့တော့ဖြင့် ဒကာ ဒကာမတွေ ရှိကြတာချည်းပဲနော်...။ (မှန်ပါ့)၊ အဲဒီဟာ ဘုန်းကြီးက ရှင်းပြပါမယ်...။ (မှန်ပါ့ဘုရား)။

ဘုန်းကြီးက ရှင်းပြပါမယ်ဆိုတော့ ဒကာ ဒကာမတွေ ဘာမှ အားငယ်စရာ မရှိပါဘူး၊ အဋ္ဌကထာကလဲ ရှင်းပြ

မယ်...။ (မှန်ပါ)၊ ဦးခင်မောင် ဒီအတိုင်းဆိုရင် ၄ိချင်းချ ဖို့ ရှိတော့တယ်...။ (မှန်ပါ)၊ ဒီပြင် ဘာမှ မရှိတော့ဘူး။

လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရောက်နိုင် ပါ့မလားလို့ ဝစ္ဆပရိဗိုဇ်က မေးတော့ ဘုရားက ဘယ့်နှယ် ဖြေသတုံး...။ (လူဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန် မရောက်နိုင်ပါဘုရား)၊ ဒကာ ဒကာမတွေကကော ဘယ်လို ဖြေကြမလဲ...။ (မရောက်နိုင်ပါဘုရား)။

ကိုင်း...ဒါဖြင့် လူ့သံယောဇဉ်ထဲမှာပဲ အလုပ်,လုပ်တဲ့ လူ ရနိုင်တယ်ဆိုတာ ဘုန်းကြီးက နည်းပေးမယ်၊ သူ ပြထားတာက ခင်ဗျားတို့ ဒါ ပြဖို့ပဲ...။ (မှန်ပါ)၊ ဟောဒီ ဘက်က တဏှာဆိုတာ သံယောဇဉ် မဟုတ်လား...။ (မှန်ပါ)၊ ဥပါဒါန်ကော...(သံယောဇဉ်ပါဘုရား)။

ကိုင်း...ဒီဘက်က ခန္ဓာငါးပါး ရှုရှုလိုက်တော့ ဖြစ်, ပျက် ရှုလို့ ဆရာဘုန်းကြီးက မှာမထားဘူးလား...။ (မှာ ထားပါတယ်ဘုရား)၊ မှာထားတဲ့အခါကျတော့ ဒကာ ဒကာမတွေက ကိုယ့်ခန္ဓာ အိမ်ရောက်တဲ့အခါမှာဖြစ်စေ၊ လမ်းသွားတဲ့အခါ ကမ္မဋ္ဌာန်းကျောင်းမှာဖြစ်စေ၊ ရှုနေပါပြီ။

ဒါကလေးတွေ ဖြစ်,ပျက်၊ ဝေဒနာကြိုက်တဲ့လူက ဝေဒနာ ဖြစ်,ပျက်ရှုနေ၊ စိတ်ကြိုက်တဲ့လူက စိတ်ကို ဖြစ်ပျက် ရှုနေပြီနော်...။ (မှန်ပါဘုရား)၊ ရှုလိုက်တော့ ဖြစ်,ပျက်နဲ့ မဂ်ပဲ ရှိတယ်၊ ဒကာ ဒကာမတို့ ဒီဘက် သံယောဇဉ် ရှိ,

မရှိ...(မရှိပါဘုရား)၊ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)၊ ဒီဘက်က ဘာတုံး...။ (ဖြစ်,ပျက်ပါဘုရား)၊ ဒီဘက်က ဖြစ်နေတာ...။ (မှန်ပါ့)၊ ဒါ, ရှိရဲ့လား...။ (မရှိပါဘုရား)၊ ရှိကိုမရှိဘူး...။ (မှန်လှပါဘုရား)။

ဒါက သူများ ပြောလား၊ ခင်ဗျားတို့အမြင်လား...။ (အမြင်ပါဘုရား)၊ ကြည့်လေ၊ ဝေဒနာပစ္စယာ တဏှာ လာသေးသလား...။ (မလာပါဘုရား)၊ တဏှာလာရင် သံယောဇဉ်ကိုးဗျ...။ (မှန်လှပါဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

အဲဒီတော့ အဲဒီကနေပြီး ဝေဒနာရှု၊ သူက ဝေဒနာ ကလေးတွေ ဖြစ်,ပျက်၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်ကလဲ စိတ်ကလေး တွေ ဖြစ်,ပျက် ရှုနေတော့ ဖြစ်,ပျက် ဝိပဿနာမဂ်...။ (မှန်ပါ့)၊ ဒီဘက်က တဏှာ, ဥပါဒါန် ဘယ့်နှယ်နေပါ့ မလဲ...။ (မလာပါဘုရား)။

လာကို မလာဘူး...။ (မလာပါဘုရား)၊ ဒကာ ဒကာမ တို့ စဉ်းစားကြည့်စမ်း၊ လာကို မလာတာဘဲလား...။ (မလာ ပါဘုရား)။

## အလုပ်,လုပ်တဲ့ပုဂ္ဂိုလ် လှူ့သံယောဇဉ် စွန့်နေတယ်

ဒါဖြင့် ကျုပ်တို့ အလုပ်,လုပ်နေတဲ့ပုဂ္ဂိုလ်ဟာ လှူဟာ လှူ့သံယောဇဉ် စွန့်သလား၊ ဘယ်လို ဆိုကြမလဲ...(စွန့်နေ

တယ် ဆိုပါမယ်)၊ လူဟာ လူ့သံယောဇဉ် စွန့်နေတော့ ဘုရားက ဘယ့်နှယ်ဖြေမယ် ထင်သလဲ၊ လူဟာ လူ့သံယောဇဉ်သာ စွန့်လို့ရှိရင်ဖြင့် ဘာတုံး...။ (နိဗ္ဗာန်ရောက်နိုင်ပါတယ် ဘုရား)။

ခင်ဗျားတို့ ဒီအထဲမှာ ပါတယ်...တဲ့၊ ပုံစံချပြမှ ရှင်းတယ်၊ ဒီဥစ္စာက...(မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ,ပါပြီ)၊ ပုံစံချပြလိုက်တော့ ရှိသေးရဲ့လား...။ (မရှိပါ ဘုရား)။

## အလုပ်,လုပ်ရင် မဂ်ရနိုင်တယ်

ဝိပဿနာရင်လာတဲ့အခါကျတော့၊ ဒီ မဂ်ဖြစ်လာတော့ ဒီသံယောဇဉ်တွေ လာကို လာသေးရဲ့လား...။ (မလာပါ ဘုရား)၊ မဂ်က ဖြတ်ထားတယ်ဆိုတာ သေချာပလား...။ (သေချာပါပြီ)။

အဲဒီတော့ကို တဲ့၊ သံယောဇဉ်တန်းလန်းနဲ့ မဂ်တော့ မရနိုင်ဘူး၊ အလုပ်,လုပ်လို့ သံယောဇဉ်ချုပ်နေပြန်တော့လဲ ဘယ့်နှယ်ဆိုကြမလဲ...။ (ရနိုင်ပါတယ်)၊ မဂ်ရနိုင်တယ် ဆိုတာ သဘောကျပလား...။ (ကျပါပြီဘုရား)၊ ဒါက ဒကာ ဒကာမတို့ အပြောလား...အမြင်လား...ကြည့်စမ်း...(အမြင် ပါဘုရား)။

ဒီ...မဂ္ဂင်ငါးပါးက ဝေဒနာနောက်က နေချင်နေလိုက်၊ စိတ်နောက်က နေချင်နေလိုက်၊ ရုပ်နောက်က နေချင်နေလိုက်၊ ဒီဥစ္စာ သဘောကျပလား...။ (မှန်ပါ့ဘုရား)၊ နေလိုက်တဲ့အခါကျတော့ ဖြစ်ပျက်နဲ့ မဂ်ပဲ ခင်ဗျားထို့ဝမ်းထဲမှာ ရှိတယ်...။ (မှန်ပါ့)၊ တဏှာဥပါဒါန် ဘယ့်နှယ်နေသတုံး...။ (ချုပ်သွားပါတယ်ဘုရား)။

လောဘ ဒေါသ...(ချုပ်သွားပါတယ်ဘုရား)။

အဝိဇ္ဇာ သင်္ခါရ...(ချုပ်သွားပါတယ်ဘုရား)။

ဒါဖြင့် အဲဒီ သံယောဇဉ်တွေ လာခွင့်ပေးသေးရဲ့လား လို့ မေးရင် ဘယ့်နှယ်ပြောမလဲ...(မပေးပါဘုရား)၊ ဒါဖြင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန် ရနိုင်,မရနိုင်...(ရနိုင်ပါတယ်ဘုရား)၊ ရနိုင်တယ်ဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

## အလုပ်မလုပ်တဲ့ပုဂ္ဂိုလ် သံယောဇဉ် မစွန့်နိုင်

ဒါ...ဝတ္ထုမဟုတ်သေးဘူး၊ ဝတ္ထုနဲ့တကွ ရှိပါတယ် ဦးခင်မောင်...(မှန်လှပါဘုရား)၊ နာရီလဲ စေ့နေပြီလို့၊ သဘောကျပလား...။ (ကျပါပြီ)၊ ဝတ္ထု မထုတ်သေးဘူး၊ ဝတ္ထုနဲ့ သေသေချာချာရှိတယ်၊ လူဟာ လူ့သံယောဇဉ်ကို ဘယ်လို စွန့်မယ်ဆိုတဲ့ ဥစ္စာ ဒကာ ဒကာမတို့ အလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်ဖြင့် မစွန့်တာ အမှန်...(မှန်လှပါဘုရား)၊ ရှင်းကြ

ပလား...။ (ရှင်းပါပြီ)၊ အလုပ်;လုပ်တဲ့ ပုဂ္ဂိုလ်ဖြင့်...(စွန့် ပါတယ်ဘုရား)။

ဒါဖြင့် လူဟာ လူ့သံယောဇဉ် မစွန့်,စွန့်ဆိုတာ ဘယ်သူ့အပေါ်မှာ တည်နေတယ်ဆိုတာ ယနေ့ဆုံးဖြတ်ချက်ချပါ...။ (အလုပ်,လုပ်တဲ့ ပုဂ္ဂိုလ်ပေါ်မှာ တည်နေပါတယ်)၊ အလုပ်,လုပ်ရမယ်၊ သဘောကျပလား...။ (ကျပါပြီ)၊ အလုပ်,မလုပ်ရင်တော့ သံယောဇဉ်စွန့်မယ်ဆိုတဲ့စကား မယုံနဲ့...(မှန်ပါ့ဘုရား)။

## အလုပ်,လုပ်မှ ပြတ်မယ်

ရှိတဲ့ သံယောဇဉ်တွေ ကုန်ပါပြီ၊ သားသမီးလဲ မခင်ပါဘူး၊ မြေးလဲ မခင်ပါဘူး၊ မြစ်လဲ မခင်ပါဘူး ဟုတ်လား၊ အင်း...ဘယ်လိုပဲ သူတို့က အနားမှာ ပွတ်သီးပွတ်သပ်လုပ်နေကြသော်လဲ စိတ်ကတော့ ဥပေက္ခာပါပဲ၊ အလကားပြောတာ တကယ် မဟုတ်ပါဘူးဆိုတာ ယုံကြည်ကြရဲ့လား...။ (ယုံကြည်ပါတယ်)၊ အလုပ်,လုပ်နေမှ ပြတ်တယ်...။ (မှန်လှပါဘုရား)။

နို့မို့လို့ရှိရင်ဖြင့် ကိုယ့်သံယောဇဉ်သာ မရှိတာ၊ ကိုယ့်ခန္ဓာ သံယောဇဉ်က လာငြိတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)၊ ဟို သား,သမီး,မြေး,မြစ် သံယောဇဉ်ကတော့ မရှိဘူး...။ (မရှိပါဘုရား)၊ ကိုယ့်ခန္ဓာ

ဆိုတဲ့ သံယောဇဉ်ကတော့...(ရှိပါတယ်ဘုရား)၊ သဘောကျ ပလား...။ (ကျပါပြီ)၊ အဲဒီတော့ လူဟာ လူ့သံယောဇဉ် ပြတ်ပါရဲ့လား...။ (မပြတ်ပါဘုရား)။

**အလုပ်သမားနဲ့မှ ကိုက်တယ်**

ဒါဖြင့် အပြောသမားနဲ့တော့ မကိုက်ဘူးပေါ့ဗျာ...။ (မှန်ပါ)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီ)၊ အလုပ်သမားနဲ့တော့...(ကိုက်ပါတယ်ဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီ ဘုရား)။

ကဲ...နာရီစေ့သွားပြီ၊ ယနေ့ ဒီတွင် တော်ကြဦးစို့...။

သာဓု...သာဓု...သာဓု...။